ဗုဒ္ဓ ဓမ္မ သံဃ

www.free4readers.com

စနေနေ့တိုင်းထုတ်ဝေသည်

# နေရောင်ခြည်စာစောင်

# THE SUN RAYS

Vol.1 No.214 WEEKLY NEWS JOURNAL 8th September 2018

# Our Country Is Doomed

# ငါတို့နိုင်ငံပျက်ပြီလား

တောင်သမန်အင်းကောင်း



# ဖေ့စ်ဘွတ်ခ်မှတ်ဝင်နေတဲ့နိုင်ငံ

ဗုဒ္ဓံ ဓမ္မံ သံဃံ


စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.214 WEEKLY NEWS JOURNAL 8th September 2018


## နှစ်ဆယ့်ငါးရာခိုင်နှုန်းရှာပုံတော်

သော်ညိမ်း အပိုင်း(၂)



အင်းဝခေတ်က တည်ထားကိုးကွယ်ခဲ့သော ဘုရားတစ်ဆူ၊

www.free4readers.com





# ရေဘေးနှင့် ငွေဘေးရတက်မအေးရပါ

ဟသ်ာ(တောင်တွင်းကြီး)

ယခုနှစ် ဇူလိုင်လအတွင်းမှာစလို့ မြန်မာနိုင်ငံနေရာအနှံ့ဖြစ်ပေါ်ခဲ့သော အများပြည်သူဒုက္ခရောက်ခဲ့ရသည်က ရေကြီး၊ ရေလျှံမှုသဘာဝဘေးဒဏ် ဖြစ်သည်။ နေ့စဉ်ထုတ်သတင်းစာဂျာနယ်များ၊ ရုပ်မြင်သံကြားသတင်းများတွင် ရေကြီးရေလျှံမှုသတင်းနှင့်အတူ ရေနစ်မြုပ်နေသော ကျေးရွာနေပြည်သူများ၊ ကျွဲနွားများ၊ လယ်ယာမြေဆုံးရှုံးမှုများကြောင့် မြင်ကွင်းမှန်သမျှစိတ်မကောင်းဖြစ်ရသည်။

ဘာကြောင့် ရေကြီးရေလျှံမှုတွေဖြစ်ရသလဲ။ တောတောင်တွေက သစ်ပင်ခုတ်လှဲပစ်ခြင်း။ မြစ်ကမ်းနံဘေးက သစ်ပင်တွေခုတ်လှဲပစ်ခြင်းတို့ကြောင့် မိုးရွာသည့်အခါ မြေဆီလွှာက မြစ်အတွင်းလျှောကျပြီးမြစ်တွေက တိမ်လာကာ ရေလျှံမှုတွေဖြစ်လာခဲ့ခြင်းဖြစ်သည်ဟု တိုတိုပင်သုံးသပ်ရပါတော့မည်။

မြစ်အတွင်း ဝဲယာသစ်ပင်တွေက မြစ်အတွင်းကျမယ့် မြေတွေကိုထိန်းထားပေးထားတာဖြစ်ပါတယ်။

ကိုယ်ကျိုးရှာမှုတစ်ခုကြောင့် ရေကြီးရေလျှံဖြစ်ရုံသာမက မြစ်ကမ်းနံရံတွေပြိုတာကြောင့် မြစ်ကမ်းနံဘေးနေ ပြည်သူတို့အနေမဲ့သွားတာလည်း တွေ့ကြုံနေရပြန်သည်။ အနာဂတ်အမြင်မရှိ ကိုယ်ကျိုးရှာစီးပွားရေးသမားတို့ရဲ့လုပ်ဆောင်ချက်တွေကြောင့် အများပြည်သူဒုက္ခခံစားနေကြရသည်။

နိုင်ငံအနေဖြင့် လွဲမှားသော စီမံခန့်ခွဲမှု၊ အနာဂတ်မမြင်လူတစ်စုကြောင့် အဖက်ဖက်က ယိုယွင်းမှုများဖြစ်ခဲ့ ရသည်။ သစ်ပင်တစ်ပင်ရှင်သန်ဖို့ ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူခဲ့ရသော်လည်း သစ်ပင်တစ်ရာ၊ နှစ်ရာခုတ်လှဲဖို့က တစ်လတစ်ရက်ဖြင့်ခုတ်လှဲနိုင်ခဲ့ပြီဖြစ်သည်။ အနာဂတ်အမြင်မရှိသော စီမံခန့်ခွဲမှု ယန္တရားကို ကိုယ်ကျိုးစီးပွားအတွက်မောင်းနှင်ခဲ့သော အတ္တအကျိုးစီးပွားကြောင့် ပြည်သူတွေဒုက္ခရောက်ရသည်။ အတိတ်ကာလက အနာဂတ်အမြင်မရှိသော ကိုယ်ကျိုးရှာအတ္တတို့သည် သစ်ပင်များကို စီးပွားဖြစ်ခုတ်လှဲခဲ့ကြသည်။ တံတားတွေကျိုး၊ မြေထိန်းနံရံတွေပြို၊ မြစ်ကမ်းနံဘေး လူနေအိမ်တွေပြို ရေထဲမျောပါစေသော ဒုက္ခကို ပြည်သူတွေကျောကော့အောင် ခံစားနေခဲ့ရသည်။

မြန်မာနိုင်ငံ၏ ဘူမိဗေဒရုပ်သွင်အနေအထားအရ တောင်တန်းကြီးများက သစ်ပင်ကြီးများနှင့်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရဲ့အလှပုံရိပ်ကို မြင့်မားစေခဲ့သည်။ မြောက်ဘက်ကတောင်ဘက်သို့ စီးဆင်းနေသော မြစ်ကြီးလေးစင်းက အမြင့်ပိုင်းက စီးဆင်းလာခဲ့ပြီး မြစ်ဝှမ်းတွေကတစ်ဆင့် ပင်လယ်တွင်းစီးဝင်ခဲ့သည်။ များစွာသော မြစ်ငယ်ချောင်းငယ်များက မြစ်ကြီးလေးသွယ်သို့ စီးဝင်ခဲ့သည်။ မြန်မာနိုင်ငံ၏တစ်နှစ်ကိုမိုးရေချိန်လက်မ ၉၀ ဝန်းကျင်ဖြင့်ရပ်တည်နေခဲ့သည်။ လူတစ်ဦးချင်းအတွက် လိုအပ်နေသောရေကိုသဘာဝတရားကြီးကို၊ ဖျက်ဆီးပစ်လိုက်သောအခါ ရေကြီးရေလျှံတာတွေ သဘာဝဘေးအန္တရာယ်တွေဖြစ်ခဲ့ရသည်။သဘာဝတရားကြီးကို ဖျက်ဆီးနေသည်က လူတို့ပင်ဖြစ်ပါသည်။

လူတစ်ဦးချင်း၏လိုအပ်ချက်တွင် ငွေသည်အဓိကကျနေသည် စာရေးသူတို့ မူလတန်းကျောင်းသားဘဝလွန်ခဲ့သောနှစ်ပေါင်းများစွာက တစ်နေ့မုန့်ဖိုး ၂၅ပြားရခဲ့သည်။ သူ့အချိန်အခါနှင့်သူ့မုန့်ဖိုးမျှတစွာ ငယ်ဘဝတွေကျော်ဖြတ်နိုင်ခဲ့သည်။ ယနေ့ မူလတန်းအရွယ် နာမည်ကြီး ကျောင်းတစ်ကျောင်း၏မုန့်ဖိုးသည် ၅၀၀၀ မှ ၁၀,၀၀၀ ကျပ်ထိဖြစ်နေသည်။ ငွေတန်ဖိုးက ကျဆင်းချင်တိုင်းကျဆင်းနေခဲ့ပါပြီ။ ငွေတန်ဖိုး ကျဆင်းနေခြင်းကို အောက်ခြေလူတန်းစားများ မလှုးသာမလွန့်သာခံစားနေကြရသည်။

ကုန်စျေးနှုန်းမြင့်မားမှုဒဏ်ကတစ်ဆင့် လုယက်မှု၊ ရာဇဝတ်မှုများဆီဦးတည်နေသည်ကိုတွေ့နေရသည်။ ငါဝမ်းပူဆာမနေသာလို့ လူသတ်ဖို့ ဝန်မလေးသောခေတ်တွင် ဆင်သတ်ဖို့လည်း ဝန်မလေးဖြစ်နေကြပါပြီ။ အဓိက အလုပ်အကိုင်အခွင့်အလမ်းနှင့်အတူ မျှတသော ပုံမှန်ဝင်ငွေလိုအပ်နေသည်။ ဝင်ငွေမရှိ ကုန်စျေးနှုန်းတွေ မြင့်တက်လာသည်နှင့်အမျှ ပစ္စည်းမဲ့ဒေါသတွေဆီရောက်သွားရတော့သည်။ မကြာသောကာလက မြန်မာနိုင်ငံတွင် လဲလှယ်သုံးစွဲငွေစက္ကူပေါ်တွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံဖြင့်ထုတ်ဝေရန် လွှတ်တော်ကအတည်ပြုခဲ့သည်။ အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်သူများအပြင် တိုင်းပြည်ဆူပူမှုလမ်းကြောင်းကို ဖန်တီးလိုသော ဂျူနီဦးစောလက်သစ်များက ဆူပူမှုအတွက်အကွက်ဝင်ခဲ့သည်။ ငွေစက္ကူသည် အစိုးရတစ်ရပ်ကို အပြောင်းအလဲဖြစ်စေနိုင်သည်ကို သတိထားဖွယ်တွေ့ခဲ့ရသည်။ ဦးနေဝင်း မဆလ အစိုးရသည် ၁၉၈၅ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျပ် ၁၀၀ တန်ငွေစက္ကူများ၊ ၁၉၈၇ ခုနှစ် စက်တင်ဘာ ၅ရက်နေ့တွင် ၇၅ကျပ်တန်၊ ၃၅ကျပ်တန်၊ ၂၅ ကျပ်တန်နှင့် ၄၅ကျပ်တန်ငွေစက္ကူများကို တရားမဝင်ကြောင်း ကြေညာပြီး ဖျက်သိမ်းခဲ့ရာ၁၉၈၇ ခုနှစ်တွင် ငွေစက္ကူဖျက်သိမ်းခြင်းကြောင့် ပြည်သူလူထုအကြား အကျပ်အတည်းများဖြစ်ခဲ့ရာက ၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ဖူးသည်။

၁၉၈၇ ခုနှစ်ကာလများ၏ အနေအထားကို ပြန်လည်လေ့လာသောအခါ (၁) ငွေကြေးပြဿနာ၊ (၂) ငွေကြေးပြဿနာမှစီးပွားရေးပြဿနာ၊ (၃) စီးပွားရေးပြဿနာမှ လူမှုရေးပြဿနာ၊ (၄) လူမှုရေးပြဿနာမှ နိုင်ငံရေးပြဿနာတို့ တစ်ဆင့်ပြီးတစ်ဆင့်တက်ကာ လူထုအုံကြွမှုထိဖြစ်ခဲ့သည်။ နိုင်ငံရေးပြဿနာကို ဦးတည်နေသော ပြည်သူ့အစိုးရကို ကန့်လန့်တိုက်နေသူတစ်စုက အရေးအခင်းကြီးတစ်ခုဖြစ်သည်ထိ ဖန်တီးခေါ်ဆောင်သွားနိုင်ပေသည်။ ငွေကြေးအကျပ်အတည်း ဒေါ်လာစျေးအဆမတန်မြင့်တက်မှု၊ မြန်မာငွေတန်ဖိုးကျဆင်းမှု၊ ကုန်စျေးနှုန်းအဆမတန်တက်နေမှုများကို ဘောဂဗေဒပညာရှင်ဦးမြင့်က "ငြိမ်းချမ်းရေးဖော်ဆောင်နေသော အစိုးရကိုပြုတ်ကျစေနိုင်သော ငွေကြေးအကျပ်အတည်းကို အထင်မသေးသင့်ကြောင်း"သတိပေးပြောကြားခဲ့သည်။ အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရမှ စီးပွားရေးကောင်းမည့်ပုံစံကို ခေါ်ဆောင်နိုင်မည်ဖြစ်သည်ကိုလည်း အသေအချာပြန်လည်သုံးသပ်သင့်သည်။ ဒေါ်လာစျေးမြင့်တက်ခြင်းကြောင့် စက်သုံးဆီစျေးမှာလည်း ၂၀၁၄ ခုနှစ် နိုဝင်ဘာလနောက်ပိုင်းမှစတင်ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လ ပထမအပတ်အထိ ၁၂ရာခိုင်နှုန်းအထိမြင့်တက်ခဲ့သည်။ စက်သုံးဆီစျေးမြင့်တက်မှုက ကုန်စျေးနှုန်းဘက်စုံမြင့်တက်မှုသည် စီးပွားရေးလုပ်ငန်းရှင်နှင့် အချို့ကပြည်တွင်းစီးပွားရေးလုပ်ငန်းလည်ပတ်မှုလျော့ချထားချိန်တွင် ဒေါ်လာစျေးကို ဆွဲတင်ကစားခြင်းက အစိုးရကိုအကျပ်အတည်းဖြစ်စေရန် ရည်ရွယ်သည်ဟုသုံးသပ်သည်။ တချို့က နိုင်ငံတွင်းသို့ နိုင်ငံခြားငွေအဝင်နည်းပြီး သွင်းကုန်အတွက်ပြည်ပသို့ ငွေအလွှဲများနေခြင်းကြောင့် မြန်မာကျပ်ငွေတန်ဖိုးကျသည်ဟုသုံးသပ်သည်။

တစ်ခါတရံ လူတို့သည် မိမိကိုယ်ကို အမွှန်းတင်ရင်း ဒုက္ခရောက်သွားသည်ကို တွေ့ရတတ်သည်။ အထူးသဖြင့် အစိုးရ၏စီးပွားရေးဆိုင်ရာ ပုဂ္ဂိုလ်များသည် ပကတိအခြေအနေအမှန်ကို သတိမထားဘဲအထင်ကြီး ရောဂါဖြင့်ပြောချလိုက်သည်ကို တွေ့ရတတ်သည်။ ပြည်ထောင်စုဝန်ကြီးတစ်ဦးက အာရှဒေသ၌ မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှု အမြင့်ဆုံးနိုင်ငံအဖြစ် ရောက်နေပြီဆိုစကားကို ကြားရသောအခါ အံ့အားသင့်ရသည်။ လက်တွေ့က ကုန်စျေးနှုန်းအဆမတန်မြင့်တက်နေမှု၊ ဒေါ်လာစျေးမြင့်တက်နေမှုနှင့် မြန်မာငွေစက္ကူတစ်နေ့တခြားတန်ဖိုးလျော့ကျနေမှုကြောင့် ပြည်သူလူထုစီးပွားရေးအကျပ်အတည်းနှင့်ရင်ဆိုင်နေရသော အခြေအနေတွင် ဝန်ကြီး၏စကားသည် ပြက်ရယ်ပြုဖွယ်ဖြစ်ရသည်။

မည်သို့ပင်ဖြစ်ပါစေ ပကတိအခြေအနေအမှန်က ပြည်သူလူထုမှာ မြင့်တက်နေသော လူနေမှုစရိတ်၊ ကုန်ပစ္စည်းစရိတ်၊ တရိပ်ရိပ်တက်နေသော ကုန်စျေးနှုန်းများအကြား စုန်းစုန်းမြုပ်မတတ်ဖြစ်နေကြရပါပြီ။ ငွေကြေးပြဿနာကြောင့် ၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးအခင်းကြီးကို ကြုံတွေ့ခဲ့ပြီဖြစ်သည်။ အခြေအနေအရပ်ရပ်ကို သုံးသပ်သောအခါ ပြည်သူအများစုသည် ဒီကနေ့ရေဘေးနဲ့ငွေဘေးကို မရှုသာမကယ်သာ ရင်ဆိုင်နေရသောကြောင့် တစ်ရက်တစ်မနက်မှ ရတက်မအေးမှုတွေဖြစ်နေကြကြောင်းပါ။

♦ဟသ်ာ(တောင်တွင်းကြီး)♦

# မြင်ကွင်း

မောင်ခင်မှိုင်း(ချောက်)

- ဆရာ့ဆရာတွေက
  စာဖတ်ကြပါ
  စာဖတ်ကြပါ
  တစာစာတိုက်တွန်းတုန်း . . .

- သူသူငါငါ
  လူတကာအားလုံး
  ရှန်းမလွတ်နိုင်
  ဖုန်းပွတ်ပြိုင်မဆုံး . . .။ ။

မောင်ခင်မှိုင်း(ချောက်)

THE SUN RAYS

သူရိယနေဝန်း

အမှတ်(၀၉၀၃/ဘီ)၊ လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ် (ကမ္ဘောဇဘဏ်အနီး)၊ More & More Gold and Jewellery ဆိုင်ဘေးလှေကားမှဝင်၍ ဓာတ်လှေကားဖြင့် ၉ လွှာသို့တက်ပါ။
ဖုန်း-၀၉-၂၅၄၀၁၂၇၂၂၊ ၀၉-၇၉၆၇၅၂၀၁၃၊

email.thesunraynews@gmail.com

| | |
|---|---|
| ထုတ်ဝေသူ<br>ဦးခင်အေး (၀၀၄၉၈)<br>09 400400051 | ဖြန့်ချိရေး<br>ကျော်တင့် |
| ဥပဒေရေးရာအကြံပေး<br>တင်သန်းဦး | ပုံနှိပ်<br>ပြည်အေး - ပုံနှိပ်တိုက်<br>09 5169728 |
| တာဝန်ခံအယ်ဒီတာ<br>အရေးတော်ပုံတပ်သားမင်းဒင် | ပုံနှိပ်သူ<br>ဦးခွန်ပြည်အေး(၀၀၈၉၂)<br>အမှတ် - ၂၆၃၊ YMCAဝင်း (၉)ရပ်ကွက်၊ ဗိုလ်တထောင်။ |

သူရိယနေဝန်းဂျာနယ်ပါဓါတ်ပုံများကို အင်တာနက်မှ ကူးယူဖော်ပြပါသည်။

www.free4readers.com



# ရွှေဝါရောင် အရေးတော်ပုံ - သမိုင်း

ကိုငွေး(နတ်မောက်)

၁။ ပြည်မြန်မာအမှောင်မှာ ရှည်ကြာမနေရအောင် ရွှေဝါရောင်တော်လှန်ရေးကို ဟို(နေ၊ သာ၊ သန့်၊ လင်း)တို့ ပခုက္ကူက စတယ်။

၂။ ငါး - စက်တင်ဘာ နှစ်ထောင့်ခွန်မှာဖြင့် ဘုရားဘဂဝါသား သံဃာများရယ်က တရားကွန်ချာမြန်ပြည်မှာ ပြန့်ကားပွားစေဖို့ ပို့လွှတ်ကြတယ်။ ပြည့်အတွက်ရယ်မို့ အရှေ့၊ အလယ်၊ အနောက်တိုက်ကယ်နဲ့ မကြောက်လိုက်ပါ ဗောဓိမဏ္ဍိုင်တိုက် သံဃာများရယ် ဟောသိစရာ သံပြိုင်ပို့တာက ဗုဒ္ဓဘုရား ဘဂဝါရဲ့ မေတ္တာသုတ်ပါကွယ်။

၃။ မေတ္တာ ကမ္ဘဝါအသံကြားရင်ဖြင့် စစ်အာဏာရှင် အမှန်ပင် ဗျာများပါလို့ စွမ်းအားရှင်၊ ကြံ့ဖွတ်များနဲ့ စစ်တပ်ရယ် ပစ်ခတ်ဟယ်ဖမ်းကာဆီးလေတော့ ရဟန်းသံဃာ ကိုရင်များမှာ ပြေးရရှာတယ်။

၄။ ပြန်တစ်ရာ သံဃာကို ကြည်ညိုတဲ့မြို့ပေမို့ ပြေးနေရှာ သံဃာများကို နီးရာရာအိမ်များရယ်က အထဲမှာ ပင့်ကာထား ပုန်းဝှက်လို့ပေးတယ်။

၅။ ပြေးလို့ရှာ သံဃာများကိုလ၊ ဆေးရုံကျောင်း၊ ပန်းခြံသုံးဖက် သုံးတန် ဝိုင်းရံကာ ပိတ်ဆို့ဖမ်းတာမို့ ကံဆိုးရှာ သံဃာသုံးပါးတို့မှာ ဖမ်းခံရတယ်။ မိခံထိတာ ဦးစန္ဒိမာ ဗောဓိမဏ္ဍိုင် ကရယ်၊ ကျန် နှစ်ပါးပြောရရင် ဦးပညာဇောတ အရှင်နဲ့ ဦးပညာစက္က အနောက်တိုက်ကရယ်တို့ကို- ဓာတ်တိုင်မှာ မပြုတ်ခိုင်မာလှတဲ့ ကြိုးနဲ့ ဇစ်-ဇက် (ဇငါဇဝါ) ရစ်လျက် အထပ်ထပ်ချီကာ ထုပ်-အဟုတ်နှိပ်စက်ခံရတယ်။

၆။ ဗုဒ္ဓဘာသာဝင် အာဏာရှင်ရဲ့စစ်သားများနဲ့ စွမ်းအားရှင်ပါ ကြံ့ဖွတ်များရယ်က ဒုက္ခကယ်တင်လာ မေတ္တာပွား၊ သံဃာသုံးပါးကို အဟုတ်ပူ - ပခုက္ကူ အညာနေပြင်းအောက်မှာ နောက်တစ်ခါ လျှောက်လာ မရဲအောင်နဲ့ နောက်လာမယ့်လူများပါ ကြောက်ကာ မပါရဲအောင်လို့ (ကဲတွာ-ကဲတွာနဲ့ ဆဲကာ-ဆိုကာ ပြောပြောပြီး) မပြုတ်ဝင် သေနတ်ဒင်နှင့်ထု တုတ်မာမာနဲ့လည်း အဟုတ်မညာရိုက်တဲ့ပြီး ပြင်းထန်စွာ နင်းကန်ဗျင်းလေတော့ မြင်ရသူပြည်သူတို့မှာ ရင်ဆို့ကာ ငိုရှိုက်ပါရ ဖိုလှိုက်တာကျ မျက်ရည်သွယ်သွယ်။

၇။ မြို့အလယ် လူမြင်ကွင်းမှာ ရိုက်ညှဉ်းတာ မသင့်လေတော့ အလက ကျောင်းတွင်းမှာ ပြောင်းဗျင်းတာ ခံရပြန်တယ်။ သံဃာကိုကွယ် ခေါ်ပုံကြမ်းတာက (မင်း-တို့ ကတုံးတွေဟာ NLD ခိုင်းတာလုပ်တာလား)တဲ့ မေးရိုက်ကြတယ်

၈။ ပြန်ကြည့်ရင် အမှန့်သိပါလိမ့်။ နှစ်ထောင့်ခွန်မှာ အကြောက်လွန် NLD ဦးဆောင်ပိုင်းတွေက ကိုယ့် ခေါင်းဆောင် ဖမ်းခံထိတာတောင် စစ်ခေါင်းဆောင်ထားရာနေ နေရတာမို့ တို့ကျောင်းသား ရဟန်းရှင်လူ ပြည်သူကသာ အာဏာရှင် ဗိုလ်သန်းရွှေတို့ တစ်သိုက်ကို ဝိုင်းတိုက်ကြတယ်။ ဒါပေမယ့်ကွယ် သံဃာတွေ မေတ္တာပွားတာကို - NLD မြှောက်ကာပေးလေသလားလို့ တွေးထင်ကြတယ် : .

၉။ နောက်တစ်ရက်မှာဖြင့် မကြောက်မရှက်စွာ အာဏာပိုင် ငတိတွေက ကိုယ်လုပ်တာ ငြင်းဆိုပြောတဲ့ပြင် ကျောင်းတိုက်တွေဝင် တမင်ခြောက်ပုံက (သံဃာဆိုတာ ပရိယတ် ပရိပတ်မှာ သိတတ်ဖို့ရယ် . . . ကုန်ဈေးနှုန်းတက်တာ- စီးပွားရေးသမားတွေကြောင့်ပါ သံဃာနဲ့မဆိုင် တရားထိုင် တရားအလုပ်သာ ဘုန်းကြီးဆိုတာလုပ်ကြပါ)လို့ ကြိမ်းမောင်းသလို ဆိုလာ လေတော့ (အလယ်တိုက်) သံဃာတွေက-အာဏာပိုင် လူညာလူ့ငသွမ်းတို့ကိုဖမ်းသော့ခတ်တယ်။

၁၀။ ဘုရားသားတော် အစစ်တွေမို့ မတရားပြောလာ ထို ငညစ်ငတိ အာဏာပိုင်တွေကို အသက်အန္တရာယ်ဆိုတာ မပေးပေမယ့် သင်းတို့တတွေ မောက်မာတာ နောက် အနာဂတ်မှာ မဖြစ်စေဖို့ သင်းတို့စီးလာ ကားမာဇဒါ၊ မတ်တူး၊ တောင်းအော့စ်တို့ကို အလယ်တိုက်ရှေ့မှာ တွန်းလှန်ပြီး မီးရှို့လိုက်တယ်။ လာကြည့်သူ ပြည်သူများကိုလည်း ဘာသိဘာသာ အသာတာကြည့်ပဲ နေစေတယ်။

၁၁။ အဖြစ်သနစ်ကို စစ်ထုတ်ယူကြည့်ရင် ဝဿလလို ညစ်ယုတ်လူ အုပ်ချုပ်သူအမှားရယ်ကြောင့် ပခုက္ကူရှင်ရဟန်းတော် သံဃာများမှာ အပူစုတဲ့ လူထုအတွက် ရှေ့ထွက်ရတယ်။ မသတီစရာ တီဗီမှာ သံဃာကို မရိုက်ပါဘူး ရယ်လို့ ဘူးကွယ်ကာ ဖြောင်အတင်းငြင်း ကြေညာတော့ မောင်းမင်းတို့ညာတာ- မြန်မာပြည်သာမက ကမ္ဘာနေပြည်သူတွေ သိလာကြစေဖို့ (နေ၊ သာ၊ သန့်၊ လင်း)တို့တတွေက D.V.B, B.B.C – VOA, R.F.A လေလှိုင်းတွေမှ မောင်းခတ်လိုက်တယ်။

၁၂။ ရှစ်ရက် စက်တင်ဘာမှာ သန်းရွှေမင်း ရက်စက်မှုညာက (နေသာ သန့်လင်း၊ ဖိုးနီ၊ ငြိမ်းချမ်း)တို့ကိုဖမ်း ပခုက္ကူထောင် နန်းမှာထားရင် ရပါလျက်နဲ့ ထောင်ခေါင်းစွပ်အမဲတွေနဲ့ စွပ်၊ အခက်တောင် လိုမို့တဲ့-သရက်ထောင်ကို ပို့တယ်။ ဖိုးနီနဲ့ ငြိမ်းချမ်းဆိုတာ တော်လှန်တဲ့ နိုင်ငံရေးမရှိ။ ဘုမသိ ဘမသိ။ အလယ်တိုက်၏ ကပ္ပိယကိုဖိုးနီ ကိုရင် သံဃာ ရဟန်းတို့အတွက် ဆွမ်း၊ ကွမ်း၊ ရေချမ်းစီစဉ်လို့ ဖမ်းရသတဲ့။ အသက် ၂၈ မောင်ငြိမ်းချမ်းက ကားတန်း မီးရှို့တာလာအကြည့် ဝမ်းသာမိလို့ လက်မြှောက်တာ သတင်းပေးက ဓာတ်ပုံရိုက်ရာ အဖမ်းခံရတာပါပဲ။ တစ်ကိုး ကိုးဆယ် ပခုက္ကူ အမတ်နှစ်ဦးနဲ့ ဦးဝိသုဒ္ဓ၊ ဦးစိန္တိကိုယ်တော် နှစ်ပါးလည်း ထောင်ထဲသွားရတယ်။

၁၃။ တမာမြေ ရှင်ရဟန်း သံဃာတို့ကို တမင်ဖမ်းကာ နှိပ်စက်လေတော့ ပြည်မြန်မာစခန်းအထွေထွေက ရှင်-ရဟန်းတို့တတွေ ရင်မချမ်းမြေ့ဘဝင်နွမ်းသွေ့ရ ထိုအခါဝယ်။ ပြည်တဝန်းလုံးလည်း နှလုံးမကြည်သာတယ်။ ဒီအခါမယ် မြို့တော်ရန်ကုန်- သံဃာအစုံက ဗုဒ္ဓဘာသာဝင် စစ်အာဏာရှင်ဗိုလ်သန်းရွှေတို့ တသင်းကို မင်းတို့အုပ်ချုပ်စဉ်အခါ သံဃာကို ကံသုံးပါးနဲ့ စော်ကား မတော်မတရားတာ မှတ်ရအောင် (ပတ္တနိက္ကုဇ္ဇန)ကံဆောင်သပိတ်ကို နှစ်ထောင့်ခွန် စက်တင်ဘာ ၁၇ရက်နေ့ (ရန်ကုန်ကျောက်စာတော်)မှာ ကံဆောင်ကမ္မဝါ စရွတ်ဖတ်တယ်။

၁၄။ စက်တင်ဘာ ၁၈ မှ ၂၇ ရက်ထိ နိုင်ငံ၏ကျက်သရေ မြတ်ရွှေတိဂုံကနေ ဗုဒ္ဓသားတော် သံဃာတော် ရှင်ရဟန်းတို့တတွေ (လုံးစုံများစွာ သတ္တဝါချမ်းသာကြပါစေ- ဥပါဒ်ရန် ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ)လို့ မေတ္တာပို့လျက် ဆူးလေဘုရားဘက် ချီတက်မှုဝေခဲ့ကြတယ်။ တော်သလင်းတိမ်ညိုစပိုသည်ဆင်းရဲ မိုးမစဲကြား ရွဲရွဲဆို ရဟန်းသံဃာ ကိုရင်များကို စစ်အာဏာရှင် ဆန့်ကျင်သူ ပြည်သူများက ဝန်းရံအားပေးတယ်။ ဇာဂနာ၊ ကျော်သူ ပြည်သူကိုချစ် အနုပညာရှင်များနဲ့ ပြည်သူများက ရွှေဝါရောင် သံဃာတော်များအား ဆွမ်းနဲ့ ရေချမ်းကပ်လှူတယ်။

၁၅။ ၂၅ စက်တင်ဘာ ရွှေတိဂုံအရှေ့မုခ်ဘက် စစ်သားတွေတုတ်နဲ့နှက်လို့ ဦးယောသိတ ရွှေတောင်တိုက်က ကိုယ်တော်ခေါင်းရိုက်ခံရ သွေးတွေစီးဖြာကျတာ ၂၀၀၇ ရွှေဝါရောင် ဗီဒီယို မှတ်တမ်းမှာ အထင်းသားမြင်ရတယ် ငရဲသွားမယ့် ခေါင်းရိုက်တဲ့ ငနဲသားဟာ သုံးပွင့်နဲ့ကောင်ဖြစ်တယ်။ ၂၆-၂၇ မှာ စစ်ထရပ်ကားတွေနဲ့ ပစ်မှတ်ထားရာ မှန်သမျှပစ်ခတ် အကြမ်းဖက်ဖြိုခွဲလေတော့ ရဟန်းရှင်လူပြည်သူအများ ဒဏ်ရာအနာတရ ပြေးရလွှားရတယ်။ စစ်သားတွေရဲ့ အကြမ်းပတမ်းကန်ကျောက်ခံရပုံများနဲ့- အမှန်သတင်းကောက်တဲ့ ဂျပန်သတင်းထောက် ခန်းဂျိနာဂါးအိ = Kenji Nagai အနီးကပ်ပစ်သတ်ခံရတာ ဗီဒီယိုမှတ်တမ်းမှာ ထင်ရှားမြင်ရတယ်။

၁၆။ အမှန်လှတဲ့ သံဃာမြို့တော် မန္တလေးလည်း သံဃာအရေး သွေးမဝေးတော့ ကံဆောင်သပိတ်မှာ ဝင်ပါခဲ့တယ်။ မန်း-တိုင်းသာမက မကွေးတိုင်းအတွင်း တောင်တွင်း၊ အောင်လံ၊ ရေနံချောင်း၊ ချောက်- မြို့နတ်မောက်မှ သံဃာများနှင့် အခြားတိုင်းနှင့်ပြည်နယ် သံဃာများလည်း ကံဆောင်သပိတ်ကို ပါဝင် ထောက်ခံခဲ့ကြတယ်။ အောက်ခြေ NLD များလည်း ပြည်သူများနဲ့အတူ ရဟန်းသံဃာတို့ကို ဝန်းရံခဲ့ကြတယ်။ ဒါပေမယ့် ဗိုလ်သန်းရွှေကြံ့ဖွတ်အသင်းနဲ့ မင်းဆိုးအစေခံ စွမ်းအားရှင်နဲ့ ရဲတွေက ဒေသအသီးသီးက တက်ကြွသူတွေကို ဖမ်းဆီးရေးမှာ သတင်းပေးတွေဖြစ်ကြတယ်။

၁၇။ ကာဗျူးအမိန့်က-အာဏာရူး ဗိုလ်သန်းရွှေ ထိတ်လန့်တာကိုပြတယ်။ ၂၆ စက်တင်ဘာည တောင်ဥက္ကလာက ငွေကြာရံစာသင်တိုက်ကို သူပုန်သူကန်စခန်းအလား အကြမ်းပတမ်းတိုက်ခိုက်တယ်။ ရဟန်းသံဃာ ဆရာတော်ဘုန်းကြီး ကိုရင် သက်တော်ဝါတော်မရွေး လက်မနှေးဖမ်းချုပ် အဓမ္မလုပ်ပုံကို ထိုစဉ်က သက်တော်၆၀ စစ်သားတွေအရိုက်ခံရလို့ ခေါင်းကွဲတဲ့ဒဏ်ရာ သေရာပါရ ဆရာတော် ဦးအာစာရက ဟောသလိုမိန့်ကြားတယ်။ (၂၆ ည ၂နာရီ ကျောင်းသံတံခါးကို စစ်ကားနဲ့တိုက် ဝင်လာတဲ့စစ်သားများ ဗုဒ္ဓဘာသာ ဗမာစစ်စစ် စစ်သားများပါ။ ဂေါ်ရခါး ကုလားလည်းမဟုတ် အခြားတိုင်းရင်းသားများလည်း မဟုတ် - စစ်ဖိနပ်မချွတ်ဘဲ သေနတ်ပစ်ခတ်ဝင်လာ။ ကျည်ဆန်က ရော်ဘာကျည်ဆန်ကျောင်းမှန်တွေကွဲခဲ့။ စစ်သားတွေနဲ့ တွဲပါလာတာ စွမ်းအားရှင်တွေအားလုံးမှာလေ ဝါးစိမ်းတုတ်ကိုယ်စီကျောင်းထဲ ရောက်ပြီဆိုတာနဲ့ သံဃာ ကိုရင် မခွဲခြား တအားရိုက်နှက် ခွေး ဝက်တွေ ဆွဲခေါ်သလို သံဃာတွေကို အတင်းဆွဲ သင်္ကန်းအဝတ်တွေမပါဘဲ ကျောင်းအဝင်ဝ မြေကြီးပေါ် မှောက်ခိုင်း မိုက်ရိုင်းပုံက ခြေထောက်နဲ့ ခေါင်းကိုကန် မော့လှန်ကြည့်တာနဲ့ ခေါင်းပေါ်တုတ်ကျ၊ ငွေကြာရံကျောင်းတိုက်ထဲက ခေါင်းကွဲလို့ကျခဲ့ရတဲ့ ရဲနေတဲ့ သွေးအိုင်ကွက်ထဲမှာ ကျူပ် အာစရ သွေးလည်းပါတာပေါ့)။

၁၈။ ငွေကြာရံကပါပဲ စာချဆရာတော် ဦးဇာနေယျ သူ့ဘဝ သူ့ကိုယ်တွေ့ မမေ့စရာ နားဆင်ကြည့်ပါ။ (စာသင် ကိုရင် သံဃာ ၂၀၀ မှာ ၅၀ထွက်ပြေး ၁၅၀ အဖမ်းခံရ။ ဆရာတော်ကြီးက ဦးရေဝတ။ အဲဒီအချိန်က သက်တော် ၇၅။ နှစ်ဆယ့်ခွန် စက်တင်ဘာမနက်မှာ သာသနာရေးက ဦးအုံ့မောင်ရောက် လာပင့်တော့ (အုံ့မောင်- ငါတော့ လုံးဝမလိုက်ဘူး)မိန့်လို့ စစ်သားငါးယောက် စစ်ကားပေါ် အတင်းပွေ့တင် ကမ္ဘာအေးက ဥက္ကာရဆောင်မှာထား တယ်) ဦးဇာနေယျနဲ့ ငွေကြာရံက ၁၀ပါး အင်းစိန်ထောင်ခေါ်သွား။ သင်္ကန်း ချွတ် လူဝတ်လဲ အသည်းနာစရာ၊ လက်ထိပ်ခတ် ခြေထိပ်ခတ် ပုဒ်မ ၅၀၅၊ ၁၄၃၊ ၂၅၉ တပ်။ တောင်ဥက္ကလာ တရားရုံးရှေ့ မြို့နယ်မှူးက (ငါ့ကို ဒကာ ကြီးလို့ မခေါ်နဲ့။ မင်းတို့က ဘုန်းကြီးမဟုတ်ဘူး လူတွေ)လို့ ပြောလို့ ဦးဇင်းတို့ ၁၀ပါး မြေကြီးပေါ်ထိုင်ပြီး မေတ္တာသုတ်တရားရွတ်ဆို ဦးဇင်းတို့ကို စစ် ကားပေါ်ပြန်တင်- ပုဒ်မ ၃၅၃ ထပ်တိုး- ဗိုလ်သန်းရွှေ မင်းဆိုးလက်ထက်- ရွှေဝါရောင်လှည့်ရာမပါတဲ့ နိုင်ငံရေး လည်းကင်းတဲ့ ဘုရားတရားဓမ္မနဲ့ကိုသာ စာချရုံသက်သက် ဆရာတော် ဦးဇာနေယျ ထောင်ရှစ်နှစ် ၆လကျတယ်။

၁၉။ သယ်န်းကျွန်းမဂ္ဂင်က ဦးဣန္ဒက၊ ရွှေတောင်ကျောင်းတိုက်က အရှင်ပဏ္ဍာဝံသ၊ မိုးကောင်းကဆို ကျောင်းထိုင်ကတုန်ကယင် ဆရာတော်အိုကြီးနဲ့ တစ်ကျောင်းလုံးသံဃာ ဖမ်းလာ။ သာသနာသိပ္ပံ၊ မင်္ဂလာရာမ၊ အလုံဇောတနာရာမ၊ အစရှိ ရွှေဝါရောင်လှည့်ရာပါ- ပရိယတ္တိစာသင်တိုက်က လက်နက်မဲ့ စာသင်သားကိုရင် သံဃာများကို လက်နက်နဲ့ စစ်သားကြံ့ဖွံ့ စွမ်းအားရှင်များက အကြမ်းပတမ်းဖမ်းဆီးခေါ်ဆောင်ခဲ့ကြတယ်။ ကျောင်းတိုက်ပိုင်ငွေကြေး ပစ္စည်းရှာဖွေပုံစံနဲ့ သိမ်းဆည်းသော်ငြားပြန်၍ကားမရ။

၂၀။ ဖမ်းဆီးခံကျောင်းတိုက်တွေက တိုက်အုပ်ခန်းနေ - စာသင်သား- ရဟန်းနဲ့ ကိုရင်သာမဏေတို့ကို အင်းစိန် GTI စစ်ကြောရေးစခန်းမှာ သင်္ကန်းချွတ် ပေါင်းနွမ်းအဝတ်စုတ်ပေး၊ အရှက်ကလေးလုံရုံပတ်၊ ဖျာ၊ စောင်မှီအုံးမရှိ ပကတိ ရာဇဝတ်သား တရားခံများလို သဘောထား။ ရေချိုးရဖို့ နေနေသာသာ မျက်နှာပင်ဝအောင်မသစ်ရ၊ ညစ်ပတ်နံစော် ဗုဒ္ဓဘာသာနိုင်ငံတော်မှာ ဗုဒ္ဓဘာသာမင်းအစိုးရရဲ့ ဗုဒ္ဓဘာသာဝင် ရဲစစ်သား ကြံ့ဖွံ့စွမ်းအားရှင်များက ဗုဒ္ဓတရားဖြန့် ဗုဒ္ဓသားသံဃာတော်တွေကိုဖမ်းပြီး စစ်ကြောရာမှာ အလေးအပေါ့သွားရာမှာပင် လက်နှစ်ဖက် မိုးထောင်မြှောက်ထားနောက်က ထောက်ထားတဲ့သေနတ်နဲ့ တိရစ္ဆာန်မောင်းသလို ပြေးပြေးလွှားလွှားသွားရတယ်။

၂၁။ မရှုရက် မမြင်ရက်စရာမြင်ကွင်း- စစ်ကြောရေးတွင်းကျ ဗုဒ္ဓသားတော်များခံခဲ့ကြရတဲ့အပြင် မထင်လျှင်မထင်သလို ရိုက်နှက် ကန်ကျောက်စစ်ဆေး- နှိပ်စက်လက်လွန်ခြေလွန်ဖြစ် ရေတိမ်နစ် ပျံလွန်တော်မူရ မြင့်မြတ်တဲ့ သံဃာဘဝ စွန့်ရတာတွေရှိတယ်။ ဒီလိုလူမသိ သူမသိ ပျံလွန်ရတဲ့ စာသင်သားတွေထဲမှာ ငွေကြာရံစာသင်ရန်သွားတဲ့ နတ်မောက်၊ ညောင်ပင်သာက ရဟန်းဖြစ်စ သုန္ဒရတစ်ပါးလည်းပါတယ်။

၂၂။ ဒီဦးဇင်းလေးနဲ့ ဆရာတော်ဦးဣန္ဒက ခမည်းတော် ဦးဇင်းကြီးကို နတ်မောက်ဒေါက်တာစိုးမင်းက အခကြေးငွေမယူ ဆေးကုပေးခဲ့တယ်။ စေတနာ ဆရာဝန်ဟာ မဂ္ဂင်နဲ့ဇောတနာရာမက ရွှေဝါရောင်မှာ နတ်စောလို့ ထင်ရှားတဲ့ ဦးပညာဇောတ မယ်တော်ကိုလည်း ဆေးဝါးထောက်ပံ့ကူညီတယ်။ သဒ္ဓါစေတနာ ခုနေအခါ ကဗျာရေးထိုးရခြင်းဟာ စစ်ကျွန်တွင်း သက်ဆင်းရစဉ်က တော်လှန်ရေးကို ကိုယ်တိုင်မပါနိုင်လည်း တော်လှန်ရေးမဏ္ဍိုင်တွေကို တက်အားသမျှ ကြည်ဖြူစွာ ကူညီတာတွေရှိကြောင်းနဲ့ နောင်ခေတ်အဆက်ဆက်မှာ တော်လှန်ရေးသမားတွေကို ဆက်လက်ကူညီစေဖို့ ရေးဖွဲ့ပြရခြင်းဖြစ်တယ်။

၂၃။ ရွှေဝါရောင် အရေးတော်ပုံဆိုတာ - ဘယ်သူမှ ဦးဆောင့်တာမဟုတ်။ NLD ပါတီ နောက်ခံထားလို့ လှုပ်ရှားတာလည်း မဟုတ်။ စစ်အာဏာရှင် အယုတ်တမာ မြန်မာပြည်အုပ်ချုပ်တာ မတရားလို့ ဖြစ်ပေါ်လာတဲ့ အရင်းခံအကြောင်းတရားနဲ့ လတ်တလော အကြောင်းအရင်းက ပခုက္ကူသံဃာတွေကို စော်ကားလို့ မြန်မာပြည်သံဃာအားလုံး ညီညွတ်စုရုံးတဲ့ ဆန္ဒသဘောထားနဲ့ ပေါ်ပေါက်လာတဲ့ စစ်အာဏာရှင် တော်လှန်ရေး လှုပ်ရှားမှုတွေထဲက တစ်ခုဖြစ်တယ်။

၂၄။ ၂၀၀၇ ရွှေဝါရောင် အရေးတော်ပုံကြောင့် ဗိုလ်သန်းရွှေ အာဏာရှင်ရုပ်လုံးဟာ ဖုံးထားလို့မရ- ထင်ရှားလာရတယ်- ရွှေဝါရောင်ကြောင့် ကမ္ဘာတစ်ခွင်မှာ အာဏာရှင်မင်းမူရင် ဗုဒ္ဓဘုရားရှင်သားတော်များကိုပင် ကားစင်တင်ရဲတာပြတယ်။ ဘုရားရှင်သားတော်တွေဆိုတာလည်း တရားဓမ္မကို မြတ်နိုးခုံမင် မတရားလျှင်လက်မခံ သာသနာထိရင် မခံ၊ တပါးကျွန်၊ စစ်ကျွန်၊ ဘယ်သူ့ကျွန်ဖြစ်ဖြစ်မခံ- မင်းအာဏာ ကြမ်းချင် ကြမ်း သံဃာတွေ တစ်စိတ်တစ်ဝမ်းထဲရှိပြီး နှလုံးမခြား တရားစောင့်သူများပီပီ တရားနဲ့အညီ တော်လှန်ကြတယ်။

၂၅။ ပြည်မြန်မာက ရွှေဝါရောင် ဗုဒ္ဓဘဂဝါသား ရှင်ရဟန်းသံဃာတို့ဟာ အဓမ္မမင်း ညော ပါပမင်းဆိုးကို လက်မခံ တရားအမှန် မြတ်နိုးဘာသာ သာသနာအကျိုး - ဆင်းရဲလူထု အကျိုး နိုင်ငံနဲ့လူမျိုးအကျိုးကို ဓမ္မဘောင်ကနေ သယ်ပိုးဆောင်ကြတယ်ဆိုတာ ပြည်မြန်မာ အမှောင်ခွင်းတဲ့ ရွှေဝါရောင်တော်လှန်ရေးက အလင်းက ပြတယ်။

၂၆။ တွေးတတ်ကြနော် ကမ္ဘာကျော်တဲ့ သမိုင်း - ရေးမှတ် ရမနော် ပြည်တော်ဖို့ ကြည့်တိုင်း အနာဂတ် မြန်မာပြည်မှာလေ မသတီစရာ အာဏာရှင် ဗိုလ်သန်းရွှေနဲ့ လက်ပါးစေ-ကြံ့ဖွတ်၊ စွမ်းအားရှင် လူ့အရိုင်းများလို ဘုရားသားတော် ကိုရင် ရှင်ရဟန်း သံဃာတစ်စုအပေါ် စော်ကားမော်ကား မတော်မတရားပြုသူများ ပေါ်မလာစေဖို့ သံဃာတော်တို့က စစ်အာဏာရှင် အယုတ်တမာတို့အား မေတ္တာသုတ် ကမ္ဘဝါနဲ့ တော်လှန်တဲ့ သမိုင်းတစ်စကို ဆရာမောင်ကိုကို (အမရပူရ) အသည်းနာ-ကမ္ဘာမကြေ ကိုးကား ပခုက္ကူက သရက်ကျောင်းနေဖက် ပြောကြားချက်များကို ခံစားကာ စာစီပြတယ် - အို . . . (ကိုနေလ-ကိုသာအောင် ကိုသန့်ရှင်း ကိုစိန်လင်း)တို့ရဲ့ တွေးဆချင့်ချိန်း . . . ။

၂၇။ ရဟန်း-ရှင် သံဃာတော်တွေစပြီး ပြည်သူ ကျောင်းသားတွေနဲ့ အောက်ခြေ NLD တွေ ပါဝင်ခဲ့တဲ့ ရွှေဝါရောင် အရေးတော်ပုံ သမိုင်း။

♦ကိုငွေး (နတ်မောက်)♦

www.free4readers.com



# နိုင်ငံတကာပုံပြင်အလှများကို မြန်မာစာပေလောကထဲမှာ ဗန်းခင်းပြသည့် ပုံပြောဆရာ (သို့မဟုတ်) အမေရိကကို မိတ်ဆက်ပေးထားသည့် မြန်မာနိုင်ငံသားဘာသာပြန်စာရေးဆရာ (သို့မဟုတ်) မြားနတ်မောင် မဂ္ဂဇင်းတစ်ခေတ်ကို ဦးဆောင်ပဲ့ကိုင်ခဲ့သူ (သို့မဟုတ်) စာရေးဆရာ၊ ဘာသာပြန်ဆရာ

## ခင်မောင်တိုး(မိုးမိတ်) (၁၉၃၇-၂၀၁၈)

□ ဇော်ဝင်းထွန်း

ဖေ့စ်ဘွတ်ခ်အကောင့်တွေပိတ်တဲ့သတင်း၊ ပိုင်ရှင်မဲ့သင်္ဘောကြီးသုံးခုမြို့နားထိ မျောလာပြီးသောင်တင်နေတဲ့သတင်း၊ NLDမှလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို ပါတီတာဝန်မှရပ်စဲလိုက်တဲ့သတင်း၊ လုံခြုံရေးကောင်စီက ပုဂ္ဂိုလ်ကြီးအချို့ကို တရားစွဲမယ်ဆိုတဲ့သတင်း၊ ဆွာချောင်းတံတားကြီး ရေကျော်သွားပြီ တိုင်အချို့နိမ့်ဝင်သွားတယ်ဆိုတဲ့ သတင်းတွေကြားထဲမှာ စာရေးဆရာခင်မောင်တိုး(မိုးမိတ်) စက်တင်ဘာ ၁ ရက်နေ့ နံနက် ၂နာရီက ကွယ်လွန်သွားတယ်ဆိုတဲ့သတင်းက ဖေ့စ်ဘွတ်ခ်စာမျက်နှာတွေပေါ် ကိုတက်လာသည်။ ဆရာအောင်ဇင်မင်း၊ ဆရာနေမျိုးအေး၊ လင်းထိပ်သျှင် အစရှိသူတို့က ကြေကွဲဝမ်းနည်းရပါကြောင်းတွေရေးတင်ကြသည်။ ဆရာ့ဆရာတို့လည်းဆက်ပြီး တင်နေကြသည်။ စာပေဘဝထဲမှာပဲ နေထိုင်သူကျွန်တော့်အနေနှင့်လည်း မိသားစုနှင့်ထပ်တူ၊ စာပေသမားများနှင့်ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

ဆရာခင်မောင်တိုးနှင့်ထိတွေ့မှုမရှိခဲ့သော်လည်း နွေးနွေးထွေးထွေးထိတွေ့ဖူးသူကဲ့သို့ ဝမ်းနည်းမှု၊ နှမြောတသဖြစ်မှုတွေ ရှိခဲ့ရပါသည်။ ရှာကြံပြောမည်ဆိုလျှင်တော့ ဆရာခင်မောင်တိုးမြားနတ်မောင်မဂ္ဂဇင်းကိုကိုင်စဉ်က ကျွန်တော့်ကဗျာနှစ်ပုဒ်ကို ထည့်ပေးဖူးသည့် ကျေးဇူးရှိသည်ဟုတော့ဆိုရပါမည်။ အဲဒီကျေးဇူးအနေနှင့်တော့ ကျွန်တော်ဆရာခင်မောင်တိုးကို တင်ရမည်ထက်ပိုသော ကျေးဇူးကိုတင်ရမည်ဖြစ်သည်။ ဆရာခင်မောင်တိုးသည် ကျွန်တော့်ကို မသိသော်လည်း ကျွန်တော့်ကဗျာကိုသိခဲ့သောကြောင့်ဖြစ်သည်။ 'စာ'ကိုသာရွေးသော အယ်ဒီတာဆရာတစ်ယောက်အဖြစ်လည်း အလေးပြုရပါသည်။

ထားတော့။ ပြီးခဲ့တဲ့တစ်လလောက်ကပဲ ကျွန်တော်သည် ဆရာကောင်းကျော်(စီးပွားရေးတက္ကသိုလ်)တွေ့ဆုံမေးမြန်းပြီး ပုံနှိပ်ဖော်ပြခဲ့သည့် "အယ်ဒီတာများနှင့် တွေ့ဆုံခြင်း"စာအုပ်ကို စားပွဲအံဆွဲထဲမှယူ၍ ဖတ်မိနေသေးသည်။ ဆရာကောင်းကျော်တွေ့ဆုံခဲ့သည့် အယ်ဒီတာများမှာ ခင်မောင်တိုး(မိုးမိတ်)၊ နတ်နွယ်၊ ချစ်ဝင်းမောင်၊ မောင်သွေးသစ်၊ မောင်တည်ငြိမ်နှင့်ကောက်နွယ်၊ ကနောင်တို့ဖြစ်သည်။ ထိုစဉ်ကတော့ ထိုဆရာတို့သည် မဂ္ဂဇင်းတစ်စောင်၏ အယ်ဒီတာများဖြစ်ကြသည်။ ခုနေခါတော့ အဲဒီခြောက်ယောက်ထဲမှာ ဆရာချစ်ဝင်းမောင်နှင့် ဆရာမောင်သွေးသစ်သာကျန်ပြီး ထိုဆရာအားလုံးကွယ်လွန်သွားကြပြီဖြစ်သည်။ ယခုဆရာခင်မောင် တိုးကွယ်လွန်ပြီ။ ဆရာတိုးရှေ့နားလေးမှာပဲ ဆရာကောက်ကြီးက ကွယ်လွန်ခဲ့သည်။ ဆိုလိုတာက ထိုဆရာများသည် မြန်မာစာနယ်ဇင်းခေတ်တစ်ခေတ်ကို ဦးဆောင်ခဲ့သည့်မဂ္ဂဇင်းအယ်ဒီတာများအဖြစ် ရပ်တည်ခဲ့သည်ဆိုသော အချက်ဖြစ်သည်။ မဂ္ဂဇင်းများနှင့်ဖြတ်သန်းလာခဲ့သော စာရေးသူအတော်များများသိထားသည့်ကိစ္စဖြစ်သည်။

ထားတော့။ ဆရာတိုးနှင့်ပတ်သက်ပြီးဆရာကောင်းကျော်"ဗျူး"ထားသည့် အထဲက ဆရာတိုးစကားကို ကောက်နုတ်ကြည့်ပါမည်။ ထိုစဉ်က ဆရာခင်မောင်တိုးသည် မြားနတ်မောင်မဂ္ဂဇင်း၏(ဆရာ့စကားအရ) မဂ္ဂဇင်းတာဝန်ခံ(အမှန်က တာဝန်ခံအယ်ဒီတာကြီး)အဖြစ် ဆောင်ရွက်နေချိန်ဖြစ်သည်။ အယ်ဒီတာနှင့်ပတ်သက်၍ ဆရာကောင်းကျော်ကမေးရာတွင် ဆရာက

"အယ်ဒီတာလို့လက်မခံဘဲ မဂ္ဂဇင်းတာဝန်ခံလို့ သုံးရ၊ လက်ခံရသလဲဆိုတော့ ဒါတွေက ခေတ်အနေအထားအရ ခေါ်ဝေါ်နေတာလို့မြင်တယ်ဗျာ။ တကယ်တမ်းတော့ ဟိုတုန်းက အယ်ဒီတာကြီးတွေရဲ့ အရည်အချင်း၊ ဂုဏ်ပုဒ်သိက္ခာကိုမမီဘူး။ ကဲ. . . ကျွန်တော်ပြောမယ်ဗျာ။ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဆရာပွား၊ ဦးလွန်းစသည်ဖြင့် အယ်ဒီတာကြီးတွေဆိုပါတော့။ ရောက်လာတဲ့ စာမူတွေဖတ်တယ်။ အကုန်သိတယ်၊ နားလည်တယ်ဗျာ။ ကျွန်တော်တော့ မတတ်ဘူး။ ဒါကြောင့် မဂ္ဂဇင်းဖြစ်မြောက်ရေးကို ထမ်းဆောင်ပေးနေတဲ့ တာဝန်ခံ။ ဒီလိုပဲခံယူထားလိုက်တော့တယ်။ အယ်ဒီတာချုပ်ဆိုရင်တော့ ပိုဝေးမှာပေါ့။ သူ့တာဝန်က ထည့်ချင်တဲ့၊ ထည့်သင့်တဲ့ စာမူကို ပရိသတ်ရှေ့ရောက်အောင်တည်းဖြတ်ပြီး ရောက်အောင်ပို့ပေးနိုင်စွမ်းရှိရမယ်။ ပြောမယ်ဗျာ။ ကျွန်တော့်ဆရာ။ ခုဒေါက်တာဦးသာလှဆိုပါတော့။ စာမူချီးမြှင့်လိုက်တယ်။ ကျွန်တော် အကုန်နားမလည်သလို တည်းဖြတ်ဖို့ကျတော့လည်း မရဲဘူး။ ဒါနဲ့ပဲစီရမယ့် ပွိုင့်လောက်ပဲညွှန်းပြီး ကွန်ပျူတာခန်းကို တန်းပို့ရမယ့်အဖြစ်၊ အဲဒါတာဝန်ခံအယ်ဒီတာလား၊ ဘာကိုတာဝန်ခံတာလဲ။" ဟုဖြေထားသည်။ ကိုယ်မသိ၊ နားမလည်ဘဲနှင့် စကားလုံးတစ်လုံးအပေါ် အများလိုလိုက်ပါ စီးမျောမယ့်သူမဟုတ်ကြောင်း ပြောထားခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ တော်၏မတော်၏၊ ဟုတ်၏မဟုတ်၏မှန်းမခွဲခြားဘဲ ခပ်လွယ်လွယ်ပင် 'အယ်ဒီတာ'တံဆိပ်တပ်လိုက်သူများအတွက်တော့ ဒီစကားကသူတို့အကြိုက်နှင့် လွဲမှာတော့ အသေအချာ။ ဒီသဘောကို ဆရာတိုးလည်းမသိမဟုတ်။ သိမည်မှာ မုချ။ သိသိကြီးနှင့်ပင် အချို့အယ်ဒီတာဆိုသူတွေကို မျက်စိစပါးမွေးစူးစူးနှင့် ပြောလိုက်ပုံရသည်။ ၎င်းသည်ပင် ခင်မောင်တိုး(မိုးမိတ်)၏ အမှတ်အသားတစ်ခုဖြစ်နေလေသည်။

ဤကဲ့သို့သော ခင်မောင်တိုး(မိုးမိတ်)၏ ကိုယ်ရေးကိုကျွန်တော်တို့ ကြည့်ပါမည်။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ မိုးမိတ်မြို့မှ ဦးသာဗျောနှင့် ဒေါ်ဒေါ်မှုန်တို့က ၁၉၃၇ခုနှစ်၊ ဇူလိုင်လ၊ ၅ရက်(ဆရာ၏ "ကျွန်တော့်အမေရိက" ဘာသာပြန်စာအုပ်၊ စာရေးသူ၏စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်းတွင် ဇူလိုင်လ (၇) ရက်ဟု (မှုကွဲ)ဖော်ပြထားသည်) နေ့တွင်မွေးဖွားသည် ၁၃-နှစ်သားတွင်ရှစ်တန်းအောင်သည်။ ထိုအခါမိုးမိတ်မှ မန္တလေးသို့ပြောင်း၍ ပညာဆက်လက်သင်ကြားသည်။ ၁၉၅၁ခုနှစ်တွင် တိုင်းချစ်အလွတ်ပညာသင်ကျောင်းတွင် တက်ပြီး ထိုမှ ၁၉၅၂ခုနှစ်တွင် ၁၀တန်းအောင်သည်။ ၁၉၅၇ခုနှစ်တွင် မန္တလေး၌ပင် အကြိုတက္ကသိုလ်ဝင်တန်းတက်ရောက်သည်။ ထို၌ဆရာဦးကြည်မြ (စာရေးဆရာကြည်မြ)နှင့် ပတ်သက်၍ ဆရာကောင်းကျော်၏အင်တာဗျူး၌ပင်။ ပြောစရာရှိတာက ဦးကြည်မြဆိုတာက ကျွန်တော်ရဲ့ကျောင်းစာသင်ပေးတဲ့ ဆရာအရင်းပါ။ ၁၉၅၇ခုနှစ်လောက်တုန်းက မန္တလေးမှာ အကြိုတက္ကသိုလ်ဝင်တန်းတက်တော့ ဆရာကမြန်မာစာပြဆရာ။ စာအသင်အပြအလွန်ကောင်းတယ်။ အဲဒီမှာ ကျွန်တော်တို့သင်ရတာက ဘလ္လာတိယပျို့၊ ဝိဇယပြဇာတ်၊ တော်တန်ရုံလူ စိတ်မဝင်စားကြဘူး။ ဆရာကတော့ အသင်အပြကောင်းလေတော့ အတန်းထဲမှာ မြန်မာစာသင်ပြနေတယ်လို့ကို မမြင်တော့ဘူး။ ဝတ္ထုရေးနည်းပို့ချနေတယ်လို့ပဲ မြင်နေမိတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာက စာသင်ရင်းနဲ့ ရေးစာတွေညှပ်ပြီး သင်ပေးတယ်။ တကယ့်အဆီအနှစ်တွေချည်းပဲ။ အခုကျွန်တော့်ဆရာကျေးဇူးကြောင့် စာပေလောကထဲရောက်နေရတာပါ။"ဟု တခုတ်တရထည့်သွင်းဖော်ပြထားသည်။ ၁၉၅၇-၅၈ကာလတွင် သိပ္ပံတွဲအနေနှင့် ရန်ကင်းကောလိပ်၌စတက်သည်။ ထို့နောက်ဝိဇ္ဇာတွဲကို ပြောင်းပြီးရန်ကုန် တက္ကသိုလ်သို့တက်ရောက်သည်။ ၁၉၆၀ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာဝါဏိဇ္ဇတန်းအောင်မြင်သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်၌တွေ့ခဲ့သည့် တောင်ငူမြို့မှမိတ်ဆွေကို အကြောင်းပြု၍ တောင်ငူမြို့၌ နေထိုင်ကာပရိုက်ဗိတ်ကျောင်းကိုတည်ထောင်သည်။ သမ္ဗုတအလွတ်ပညာသင်အထက်တန်းကျောင်းဟု ခေါ်၍ ထို၌ကျောင်းအုပ်ရာထူးဖြင့် အင်္ဂလိပ် ဘာသာကို သင်ပြခဲ့သည်။ ၁၉၆၆ခုနှစ်တွင် ၎င်းကျောင်းကိုပြည်သူပိုင်အသိမ်းခံရသည်။ ထို့နောက် ကျူရှင်ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းသည်။ ၁၉၇၅ခုနှစ်တွင် ငွေတာရီမဂ္ဂဇင်း၌၊ ၎င်း၏ပထမဆုံးပုံနှိပ်ဖော်ပြခံရသော "အဖြေနှစ်ခု"ဝတ္ထုတိုတစ်ပုဒ်ဖော်ပြခံရသည်။ ထို့နောက် ငွေတာရီမဂ္ဂဇင်းမှာပင် ဝတ္ထုတိုသုံးပုဒ်ဆက်တိုက်ဖော်ပြခံရသည်။ ထို့နောက် မိုးဝေမဂ္ဂဇင်းတွင် ဝတ္ထုတိုများဆက်လက်ရေးသားပေးပို့ရာ ၁၉၇၈-၇၉ဝန်းကျင်၌ မိုးဝေမဂ္ဂဇင်း၌ "ညီစေသူ" ဝတ္ထုတိုကို ဖော်ပြခံရသည်။ ၁၉၈၃-ခုနှစ်တွင် တောင်ငူအိမ်နှင့်ခြံကိုရောင်း၍ ရန်ကုန်သို့ မိသားစုလိုက်ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၁၉၈၅ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်ကင်တင်း၌ စာအုပ်အဟောင်းဆိုင်ဖွင့်သည်။ ၁၉၈၄ခုနှစ်တွင် မိတ်ဆွေတစ်ဦးနှင့်တွဲ၍ "ရွှင်ပြုံးလေ့လာ အင်္ဂလိပ်စာ"စာအုပ်ထုတ်ဝေသည်။ ၁၉၈၆ ခုနှစ်တွင် "အင်္ဂလိပ်စာ၊ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အရေး"စာအုပ်ကို အလှဒဿနစာအုပ်တိုက်မှထုတ်ဝေသည်။ ၁၉၉၂ခုနှစ်တွင် အိန္ဒိယရိုးရာဓလေ့ပုံပြင်များနှင့် နိုင်ငံစုံပုံပြင်အလှများကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၉၆ခုနှစ်တွင် ၁၉၉၃ခုနှစ်တွင် ကျေးတောသားနှင့် နိုင်ငံစုံပုံပြင်အလှများ စာအုပ်ကိုထုတ်ဝေခဲ့သည်။ နဂါးလိုဏ်ဂူနှင့် နိုင်ငံစုံပုံပြင်များ၊ ၁၉၉၇ခုနှစ်တွင် ကုလားအုတ်ဖြူကလေးနှင့် နိုင်ငံစုံပုံပြင်အလှများ၊ ဇာတ်တော်လာပုံပြင်များ၊ ၁၉၉၈ခုနှစ်တွင် မော့ရင်းရယ်စရာ အရက်လောကဟာသများ (ဘာသာပြန်)၊ ၁၉၉၉ခုနှစ်တွင် ငှက်တံတားနှင့် နိုင်ငံစုံပုံပြင်များ၊ ကောင်းကင်ထဲက ကြယ်ကလေးတွေနှင့် နိုင်ငံစုံပုံပြင်များ၊ ဖြစ်နိုင်တယ်ထင်စမ်းပါ၊ ဖြစ်ပါတယ်နှင့် နိုင်ငံတကာစကားပုံများ စာအုပ်တို့ကိုရေးသားထုတ်ဝေခဲ့သည်။ ၂၀၀၀ပြည့်နှစ်တွင် Charles Kuralt ၏ Charles Kuralt's America ကို ကျွန်တော့်အမေရိက အမည်ဖြင့်ဘာသာပြန်ရေးသားထုတ်ဝေခဲ့သည်။ ၁၉၉၀ပြည့်နှစ်တွင် မိတ်ဆွေဦးလွဏ်းမောင်နှင့်အတူ မြားနတ်မောင်မဂ္ဂဇင်းကို ဦးစီးထုတ်ဝေခဲ့သည်။ မြားနတ်မောင်မဂ္ဂဇင်းနှင့် ပတ်သက်၍လည်း ဆရာကောင်းကျော်က မေးထားရာတွင် ဆရာခင်မောင်တိုးက"ကျွန်တော်ကြိုက်တာကျွန်တော်ရွေးတယ်။ Trend ဘောင်ဝင်အောင် ရွေးတယ်။ လူမရွေးဘူး။ ခင်ဗျားပြန်ကြည့်ပါလား။ ကဗျာမှာဆိုရင်သဘာဝဖွဲ့၊ ကျေးလက်ဖွဲ့၊ ဒွေးချိုးကဗျာတိုလေးတွေပါသလို ကျွန်တော်နားလည်ခံစားနိုင်စွမ်းရှိတဲ့ မော်ဒန်ကဗျာတွေလည်းပါနေတာပဲမဟုတ်လား။ အဓိကကတော့ ဒဿန၊ အလှကဗျာပီသမှု၊ ဒီလိုပြောချင်တယ်"ဟု လူနှင့်မူသဘောကို တိတိကျကျရှင်းပြထားသည်။

ယခုဒီစာရေးနေစဉ်မှာပဲ ၂-၉-၂၀၁၈၊ ကြေးမုံသတင်းစာမှာ စာရေးဆရာကြီးခင်မောင်တိုး(ခင်မောင်တိုး-မိုးမိတ်) ကွယ်လွန်ဟူသော သတင်းတို လေးတစ်ခုကို တွေ့လိုက်ရသည်။ အဲဒီမှာဆရာ့မွေးနေ့ကို ဇူလိုင်(၇)ဟု ဖော်ပြထားသည်။ ဤတွင်ဆရာက စာအုပ်ပေါင်း(၈၀)ကျော်ကိုရေးသားထုတ်ဝေခဲ့သည်ဆိုသည်။ ၁-၉-၂၀၁၈ နေ့တွင် မြောက်ဥက္ကလာပြည်သူ့ဆေးရုံ၌ကွယ်လွန်သည်။



ဆရာခင်မောင်တိုးဘာသာပြန်သည့် "ကျွန်တော့်အမေရိက"ထဲက ကျွန်တော်စွဲနေသည့်ဇာတ်ကွက်ကလေးတစ်ကွက်ကို ဒီနေရာမှာ အလျဉ်းသင့်လို့ ဖောက်သည်ပြန်ချချင်ပါသည်။ မေလ၊ ဘဘိုးတောင်၊ မြောက်ကာရိုလိုင်းနားအခန်းမှဖြစ်သည်။

"ကျွန်တော့်မိတ်ဆွေ ဒေါက်တာတက်လက်ဖို့က အောက်ပါဇာတ်လမ်းကိုပြောပြခဲ့၏။ သစ်ခုတ်စခန်းတစ်ခုမှာ မိတ်ဆွေတစ်ယောက်နဲ့ ရန်သူဖြစ်ခဲ့သူတစ်ဦးအကြောင်း ကျွန်တော်ပြောပြမယ်။ ဒီလူထမင်းစားခန်းထဲဝင်လာတဲ့အခါ သူ့မိတ်ဆွေက သေနတ်နဲ့ပစ်လိုက်တယ်။ ကျည်ဆန်က သူ့ရှေ့သွားနှစ်ချောင်းကို ချိုးပစ်လိုက်ပြီး ခေါင်းထဲဝင်သွားတယ်ဗျ။ သူက ဘာမှမဖြစ်သလို၊ သေနတ်မှန်တဲ့နေရာမှာ ချွန်းဂန်းကလေး ကပ်ထားလိုက်တယ်။ ပြီးမှ ဘီယာဆက်သောက်တယ်လေ။ ချွန်းဂန်းကပ်ထားလိုက်တော့ သူ့နှာခေါင်းထဲကနေ ဘီယာတွေပြန်ထွက်မကျတော့ဘူးဗျ။ နောက်နှစ်ပေါင်း၄၀အကြာ တစ်နေ့မှာပေါ့ ဘေကာဗဲလီးမှာရှိတဲ့ သူ့အိမ်ဝရန်တာမှာ ထိုင်နေခိုက်၊ နှာချေလိုက်သတဲ့။ အဲဒီမှာတင် သူ့နှာခေါင်းထဲကကျည်ဆန်ထွက်ကျလာတော့တာပဲတဲ့ဗျ။ "လူတွေက ဒီလူနှစ်ယောက်တစ်ကွေ့ကွေ့တစ်ချိန်ချိန်မှာ တွေ့ကြဦးမှာပဲ။ အဲဒီအခါကျရင် ကျောင်းတော်က ရန်စကိုတစ်နည်းမဟုတ်တစ်နည်းနဲ့ ရှင်းကြဦးမှာပဲလို့ ပြောနေကြတာပေါ့ဗျာ။ ဒီလိုနဲ့နှစ်တွေကုန်လာခဲ့တယ်ပေါ့။ နောက်ဆုံးမှာ ဟောဒီလိုဖြစ်လာတယ်ဗျ။ ဘေကာဗဲလီးကလမ်းတစ်လမ်းမှာ သူတို့နှစ်ယောက်ရင်ဆိုင်တွေ့ကြတယ်။ ဘေးလူတွေအသက်ရှုမှားကုန်ကြတာပေါ့။ မျက်လုံးပြူးကုန်ကြတာပေါ့။ "ဘာဖြစ်ကြလဲဗျ"သိချင်ဇောဖြင့် ကျွန်တော်ဖြတ်မေးလိုက်၏။ သည်တော့တက်က 'အင်းသူတို့ နှစ်ယောက်တွေ့လိုက်တဲ့နေရာမှာပဲ ရပ်ရုံရပ်နေကြတယ်။ နှစ်ယောက်စလုံးက ဘာလုပ်ရမှန်းမသိကြဘူးလေ' ဟုပြောပြီးရပ်ထားလိုက်၏။ ပုံပြောကောင်းသူများ ဇာတ်လမ်းအထွတ်အထိပ်ရောက်ကာ နီးမှာရပ်ထားလိုက်ပုံမျိုးဖြင့် ခေတ္တခဏရပ်ထားလိုက်၏။ ကျွန်တော် မတွေးတွေးအောင်ဖန်တီးလိုက်ခြင်းဖြစ်၏။ ခဏကြာတော့မှ သူကဇာတ်လမ်းကိုပြန်ဆက်၏။ အဲ. . . နောက်တော့သူတို့နှစ်ယောက်ဖက်လိုက်ကြတယ်။ အတော်ကြာအောင်စကားပြောကြတယ်။ ဇာတ်လမ်းက ဒါပါပဲဗျာ။"

အချိန်ကာလနှင့် လူသားတို့နှလုံးသားခံစားမှုက အမုန်းနှင့် အာဃာတတွေကို အရည်ပျော်သွားရုံမက၊ အငွေ့ပျံသွားစေနိုင်ပုံကို ပြောပြထားခြင်းဖြစ်သည်။ တိုတောင်းလှသော လူ့ဘဝဆိုတာ ဤသို့လျှင် အကောင်းဘက်သို့ ဦးတည်ရမည်ပင်ဖြစ်သည်။ ဒါသည်ပင်လျှင် လူသားတစ်ယောက်၏မြင့်မြတ်မှုဖြစ်သည်။ သည်လိုစာမျိုးကို ဘာသာပြန်ပေးသည့်ဆရာခင်မောင်တိုးကိုလည်း ကျေးဇူးတင်ရပါသည်။ ဘာသာပြန်ဟူရာတွင် ဘာသာပြန်သူသည်ဘာသာဗေဒတွေကို ဘာသာပြန်ရာ၌ သူ့ကျွမ်းကျင်မှုဖြင့် လွယ်ကူနိုင်သလောက်ခံစားမှုကို ဘာသာပြန်ရာ၌လွယ်ကူဖို့ခဲယဉ်းတတ်သည်။ ဆရာခင်မောင်တိုးသည် ကျွန်တော်တို့ခံစားမှုကိုပါ ဘာသာပြန်ပေးနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

♦ဇော်ဝင်းထွန်း♦

www.free4readers.com

# အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်စစ်ရေးထိပ်တိုက်တွေ့မှုများ လျှော့ချဖို့လိုသည်

ဇင်လင်း




ယနေ့မြန်မာနိုင်ငံ ပြည်သူလူထု အလိုချင်ဆုံးရလဒ်မှာ ငြိမ်းချမ်းရေးဖြစ်သည်ဟုဆိုလျှင် မမှားနိုင်ဟုထင်သည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သော ပြည်တွင်းစစ်ပွဲများကို ရပ်စဲရန် အစိုးရအဆက်ဆက် ကြိုးစားခဲ့သည့် သမိုင်းဖြစ်ရပ်များရှိခဲ့သည်မှန်သော်လည်း စေတနာမမှန်သဖြင့် ရလဒ်ကောင်းမထွက်ခဲ့ဟုဆိုရမည်။ စေတနာမမှန်ဟု ဆိုရသည်မှာ ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းဆွေးနွေးခဲ့ကြရာ၌ ကိုယ်လိုချင်သည့်အနေအထားရရှိစေရန် တစ်ဖက်သတ် ကြိုတင်စည်းမျဉ်းများ ချမှတ်ဘောင်ခတ်ထားသောကြောင့်ဖြစ်သည်။နှစ်ဖက်ညှိနှိုင်းမှုလုပ်ကြသောအခါ ထိုကြိုတင်စည်းမျဉ်းများကြောင့် လွတ်လပ်မှုနှင့်တန်းတူမှုမရှိဟု ခံစားကြရသဖြင့် ဆွေးနွေးပွဲများ ပျက်ခဲ့ကြရသည်။ တစ်နည်းဆိုရလျှင် ထိုကြိုတင်စည်းမျဉ်းစည်းကမ်းများ လိုသည်ထက်ပိုကဲမှုများကြောင့် ယုံကြည်မှုပျက်ပြားကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရလဒ်မကောင်းဘဲ နိဂုံး တံဖြစ်ခဲ့ရသည့် သာဓကများရှိခဲ့သည်။

လက်ရှိ ဆက်လက်ဆွေးနွေးနေကြသော ငြိမ်းချမ်းရေးဖြစ်စဉ်သည် ယခင်သမ္မတ ဦးသိန်းစိန်အစိုးရ လက်ထက်က စတင်ခဲ့သော ဆွေးနွေးပွဲများ၏ အဆက်ဖြစ်သည်။ ယခင်အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်မှာ ယခု ၂၀၁၈ ဩဂုတ်လတွင် ခုနစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ၂၀၁၁ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ဦးသိန်းစိန်က ငြိမ်းချမ်းရေးစတင် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ယခင်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစတင်ခဲ့သည်။ လေးနှစ်အတွင်း နိုင်ငံတကာငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံတော်၏ ငွေကြေးထောက်ပံ့မှုများ ဒေါ်လာဘီလီယံနှင့်ချီသုံးစွဲခဲ့ပြီး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အဆက်မပြတ်ပြုလုပ်ခဲ့သည်။ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်ရပ်လက်မှတ်များလည်း ရေးထိုးခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင် ၁၄ ဖွဲ့နှင့်အပစ်အခတ်ရပ်စဲရေးသ ဘောတူညီချက် (Bilateral)များကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းနောက်ပိုင်းတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (NCA) ကိုညှိနှိုင်းပြီး အဖွဲ့ရှစ်ဖွဲ့နှင့် ၂၀၁၅ခုနှစ် အောက်တိုဘာ၁၅ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

"လက်နက်ကိုင် အဖွဲ့များအနေနဲ့ ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို သဘောတူလက်ခံခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရဖက်ကလည်း တိုင်းရင်းသားတွေ တောင်းဆိုနေတဲ့ ဒီမိုကရေစီနဲ့ဖယ်ဒရယ်စနစ်ကို အခြေခံတဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်ဖို့အတွက် လက်ခံသဘောတူခဲ့ပြီးဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ အစိုးရအဆက်ဆက်မှာ တစ်ခါမှမရှိခဲ့ဘူးတဲ့ ကျွန်တော်တို့အကြား ဘုံလက်ခံထားတဲ့ အနာဂတ်ပန်းတိုင်တစ်ခုကို သဘောတူညီ နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီဘုံအနာဂတ်ကို အကောင်အထည်ဖော်နိုင်ဘို့အတွက် NCA ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ရေးက ကျွန်တော်တို့ အားလုံးအတွက် အရေးကြီးတဲ့ သမိုင်းပေးတာဝန်ပဲ ဖြစ်ပါတယ်။ NCA ဆိုတာ ကျွန်တော်တို့ထားရစ်ခဲ့မယ့် သမိုင်းအမွေ ဖြစ်ပါလိမ့်မယ်။" ဟု ဦးသိန်းစိန်က လက်မှတ်ထိုးသည့် အောက်တိုဘာ ၁၅ရက်နေ့ အခမ်းအနား၌ ပြောခဲ့သည်။

NCA စာချုပ်တွင် အဖွဲ့အားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်လျှင်တော့ ဦးသိန်းစိန်ပြောသကဲ့သို့ ကြီးမားသောအောင်မြင်မှုဟု ဆိုနိုင်သည်။ သို့သော် ထိုစဉ်က လက်မှတ်ရေးထိုးရာတွင် အဖွဲ့အများအပြား ပါဝင်ခြင်း မရှိသဖြင့်အောင်မြင်သည်ဟု မဆိုသာပေ။ NCAပါ သဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ရေးသည် အားလုံးအတွက် အရေးကြီးသော သမိုင်းပေးတာဝန်ဟု ဦးသိန်းစိန်က ပြောနေသော်လည်း ထိုစဉ်က ကချင်နှင့် ရှမ်းပြည်နယ်များတွင် စစ်အင်အားတိုးဖြည့်နေမှု၊ စစ်ဆင်ရေးဆက်လက်ဆင်နွှဲနေမှု၊ စစ်ရှောင် ဒုက္ခသည်များအား အစိုးရက တာဝန်ယူရန် ပျက်ကွက်မှု စသည်တို့ကြောင့် တိုင်းရင်းသားအဖွဲ့များက အယုံအကြည်မရှိ ဖြစ်ခဲ့သည်။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြားပြည်နယ်အဆင့်၊ပြည်ထောင်စုအဆင့် အပစ်ရပ်လက်မှတ်များလည်းရေးထိုးခဲ့ကြသော်လည်း ထိုးစစ်များဆက်ရှိနေသဖြင့် အစိုးရနှင့်ချုပ်ဆိုသည့် Ceasefire Accords များကို တပ်မတော်က အသိအမှတ်ပြုမှုရှိရဲ့လားဟု ပြည်သူများက သံသယဖြစ်ခဲ့ကြသည်။ ၎င်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို NLD အစိုးရက ဆက်ခံဆောင်ရွက်ခဲ့ရပြီး၊ NCA တွင် NMSP နှင့် LDU အဖွဲ့နှစ်ဖွဲ့ထပ်မံပါဝင်လာခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(တတိယ) အစည်းအဝေးအပြီး နိုင်ငံရေးအခင်း အကျင်းများနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုသုံးသပ်မှုများကို ဆက်လက်ကြားသိနေရသည်။ ၂၁ ရာစုပင်လုံညီလာခံကို ၂၀၁၈နှစ်ကုန်ပိုင်းတွင် နောက်ထပ် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် နှစ်ကြိမ် စုစုပေါင်း သုံးကြိမ် ဆက်လက်ကျင်းပဦးမည်ဟုဆိုသည်။ ထိုသို့ ညီလာခံသုံးကြိမ်ကျင်းပပြီးနောက် ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံမူ အုတ်မြစ်များချမှတ်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရက ရည်မှန်းထားသည်ဟု သတင်းများအရသိရသည်။ တပ်မတော်အကြီးအကဲကလည်း အလားတူ သဘောထားရှိကြောင်း တတိယညီလာခံ၌ ယေဘုယျထုတ်ဖော်ပြောကြားခဲ့သည်ကို ကြားလိုက်ရသည်။

ထို့အတူ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs)ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မြန်မြန် အောင်မြင်စေလိုသော ဆန္ဒရှိသည်ကို တွေ့ရသည်။ EAOs များ၏ သဘောထားကို UPDJC အစည်းအဝေး၌ အားလုံးလက်ခံကာ သဘောထားထုတ်ပြန်ခဲ့ပြီး ဖြစ်သည်ဟုလည်း သိရသည်။ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှု ဖြစ်စဉ်များကို လေ့လာသုံးသပ်ကြည့်ပါက ယေဘုယျအမြင်နှင့် ဆန္ဒများကွာခြားမှု သိပ်မရှိဟုဆိုနိုင်သည်။သို့သော်လက်တွေ့ရုပ်လုံးပေါ်လာရေးကိစ္စများ အသေးစိတ် ညှိနှိုင်းကြရာတွင်မူ အခက်အခဲများကြုံနေရသည်၊ ပြောသလောက်လုပ်ရန်မလွယ်သည်များတွေ့လာနေရသည်ဟုသုံးသပ်မှုများကြားရသည်။

မွန်သတင်းအေဂျင်စီ (MNA) အယ်ဒီတာ ဗညားအောင်က KNU Concerned Group ပြောခွင့်ရပုဂ္ဂိုလ် KNU ဒုဥက္ကဋ္ဌဟောင်း နော်စီဖိုးရာစိန်အား ကျင်းပပြီးခဲ့သော (၂၁) ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံအပေါ် မည်သို့သုံးသပ်လိုပါသလဲဟု ဆက်သွယ်မေးမြန်းခဲ့သည်။ နော်စီဖိုးရာစိန်က တတိယအကြိမ် ၂၁ ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံမှ ထွက်ပေါ်လာသောရလဒ်တွင် နိုင်ငံရေးဆိုင်ရာ ရလဒ်တစ်ခုမှမပါခဲ့ဟု သုံးသပ်သွားသည်။ ထွက်လာခဲ့သည့်အဖြေတွင်လည်း တိုင်းရင်းသားများအတွက် နိုင်ငံရေးအာမခံချက် မပါရှိဟုဝေဖန်သည်။ ထိုသို့ဖြစ်ရသည်မှာ တပ်မတော်က သဘောမတူသဖြင့် နိုင်ငံရေးကဏ္ဍဆွေးနွေးခွင့် မရသောကြောင့်ဖြစ်သည်ဟု သုံးသပ်သွားသည်။

"အထူးသဖြင့် တိုင်းရင်းသားEAO တွေပဲဖြစ်ဖြစ် တိုင်းရင်းသားပါတီပဲဖြစ်ဖြစ် ပြည်သူလူထု၊ လူငယ်တွေပဲဖြစ်ဖြစ် တိုင်းရင်းသားတွေရဲ့လိုလားချက်၊ နိုင်ငံရေးရပ်တည်ချက်၊ နိုင်ငံရေးရပ်တည်ချက်တွေက အားလုံးတစ်ခုတည်းဖြစ်ဖို့လိုတယ်။ တစ်ခုတည်းဖြစ်ပြီးမှပဲ မြန်မာပြည်ရဲ့ နိုင်ငံရေးပြဿနာကို ဝိုင်းပြီးတော့ ဖြေရှင်းလို့ရမယ်၊ တိုင်းရင်းသားတွေ သွားရမယ့်လမ်းကတော့ ပြည်သူလူထုတွေလိုချင်တဲ့ ငြိမ်းချမ်းရေးပါပဲ၊ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးက အားလုံးမှာတာဝန်ရှိတယ်၊ တပ်မတော်တစ်ခုတည်းရဲ့ တာဝန်မဟုတ်ဘူး၊ ပြည်သူလူထုအားလုံးရဲ့ တာဝန်ဖြစ်တယ်၊ ကျွန်မတို့အားလုံး စည်းစည်းလုံးလုံးရှိကြပြီးတော့ နည်းလမ်းရှာဖွေဖို့လိုတယ်လို့ ပြောချင်တယ်။" ဟု နော်စီဖိုးရာစိန်က ဆိုသည်။

အလားတူပင် မွန်ပြည်သစ်ပါတီ NMSP ဒု-ဥက္ကဋ္ဌ၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ UNFC ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုပူးတွဲကော်မတီ UPDJC အဖွဲ့ဝင် နိုင်ဟံသာ အား မွန်သတင်းအေဂျင်စီအယ်ဒီတာ ဗညားအောင်က တွေ့ဆုံမေးမြန်းရာတွင် အောက်ပါအတိုင်း ပြောကြား ခဲ့သည်ကိုတွေ့ရသည်။

"လုံခြုံရေးနဲ့ပတ်သက်ရင် တပ်နေရာနဲ့ပတ်သက်ပြီး ကနဦး လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု SSR ကိစ္စတွေကို ဆွေးနွေးရပါမယ်။ အဲဒီနေရာမှာ တိုင်းရင်းသားတပ်ဖွဲ့တွေကို ဘယ်လိုနေရာချမှာလဲ၊ တပ်ဖွဲ့တွေနေရာချလို့ပြီးသွားတဲ့အခါ တိုင်းရင်းသားတွေအနေနဲ့ တော်လှန်ရေးပြီးဆုံးသွားပြီဆိုလို့ အစိုးရထံ အားလုံးလက်နက်ချပြီး တပ်ဖွဲ့အားလုံးဖျက်သိမ်းဖို့ တိုင်းရင်းသားတွေခံယူထားတာ မရှိပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အတိတ်မှာဖြစ်ရှိခဲ့ဘူးတယ်၊ လက်နက်ချပြီး လက်နက်ပြန်ကိုင်ရတဲ့ဘဝပြန်ရောက်ခဲ့လို့ပါပဲ၊ ဘာမှလည်းအာမခံချက်မရှိဘူးဆိုတော့ အခက်အခဲတော်တော်များများ ရှိပါသေးတယ်။ ဒီလိုအနေအထားမျိုးမှာ ရှေ့ကိုဘယ်လိုဆက်သွားကြမှာလဲ၊ အလွတ်သဘောဆွေးနွေးမှုတွေ ခပ်စိပ်စိပ်လုပ်သင့်ပါတယ်၊ သဘောထား အမြင်တွေ နီးနိုင်သမျှ ပိုမိုနီးစပ်မှုရှိလာအောင်ဆွေးနွေးပြောဆိုကြရပါမယ်၊ယုံကြည်မှုတွေတည်ဆောက်ဖို့လိုတယ်၊ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုမရှိကြဘူးဆိုရင် ဘယ်လိုမှရှေ့ဆက်သွားလို့မဖြစ်နိုင်ပါ၊ တစ်ဖက်နဲ့တစ်ဖက် သဘောပေါက်အောင် ပွင့်ပွင့်လင်းလင်းပြောကြဆိုကြရမှာပါ၊ ငြိမ်းချမ်းရေးကို အမြန်တည်ဆောက်လိုရင် ဒီလိုပဲ ဖြေရှင်းသွားရမှာပဲလေ၊ ဥပမာ ကျွန်တော်တို့နိုင်ငံရဲ့အကြီးမားဆုံးပြဿနာက တိုင်းရင်းသား တန်းတူရေးပြဿနာပါ၊ တိုင်းရင်းသားအားလုံးလက်ခံနိုင်တဲ့ အမျိုးသားတန်းတူရေးဆိုတာကို မဆွေးနွေးကြဘဲနဲ့ ဒီအတိုင်းပဲ ညီလာခံတွေနဲ့ဆက်ပြီးမျောနေမယ်ဆိုရင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ဘယ်တော့မှလည်း ပြီးဆုံးနိုင်မှာ မဟုတ်ပါဘူး။" ဟု UPDJC အဖွဲ့ဝင် နိုင်ဟံသာက ပြောကြားခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လုံခြုံရေးကဏ္ဍမှ ရလဒ်များထွက်ရှိရန် အရေးကြီးကြောင်းနှင့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် နိုင်ငံရေးဆွေးနွေးမှု မူဘောင်၊ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဒီဇိုင်းများကို ပြန်သုံးသပ်သင့်သည်ဟု တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံ နောက်ဆုံးနေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ ပြုလုပ်သည့် ၄၃ ကြိမ်မြောက် Singapore Lecture ဟောပြောပွဲတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်အတွင်း တွေ့ကြုံနေရသော အခက်အခဲများနှင့်ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့်ဟောပြောခဲ့သည်။ ယခင်ဦးသိန်းစိန်အစိုးရ လက်ထက်တွင် စတင်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရဖြစ်လာချိန်တွင် ၂၁ ရာစုပင်လုံညီလာခံအဖြစ် ဆက်လက် ကျင်းပကာ ခိုင်မာသည့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံ တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း နိုင်ငံ တော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းပြောပြခဲ့သည်။ ရာစုနှစ်၏ နောက်ဆုံးလေးပုံ သုံးပုံကာလအတွင်း မြန်မာနိုင်ငံသည် အဓိကအကူးအပြောင်းသုံးခုကို ဖြတ်သန်းခဲ့ရပြီး လွတ်လပ်ရေးကြိုးပမ်းမှု အကူးအပြောင်း ကာလ၊ စစ်အာဏာရှင်စနစ် အကူးအပြောင်းကာလတို့နှင့် နှိုင်းယှဉ်ကာ လက်ရှိ အကူးအပြောင်းကာလသည် အခက်အခဲများနှင့် အရှုပ်ထွေးဆုံးဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်က စစ်မှန်သည့် ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မရှိမဖြစ်လိုအပ်သဖြင့် ထိုရည်မှန်းချက်ကို ဖြည့်ဆည်းနိုင်ရန် ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

ဤအတောအတွင်း ဩဂုတ်လ ၂၃ရက်နေ့တွင် ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်း ရေးဗဟိုဌာန NRPC ၌ မြောက်ပိုင်းလက်နက် ကိုင်ခုနစ်ဖွဲ့FPNCCက ငွေကျပ်သိန်းပေါင်း လေးထောင်ကျော်ကို ရေဘေးဒုက္ခသည်များအတွက် အစိုးရငြိမ်းချမ်းရေးကော်မရှင်သို့လှူဒါန်းသည့် အခမ်းအနားပြုလုပ်ခဲ့သည်။ အခမ်းအနားအပြီးတွင် UWSA 'ဝ'အဖွဲ့၏ လားရှိုးဆက်ဆံရေးရုံး တာဝန်ခံ ဦးညီရန်းက သတင်းထောက်များ၏ မေးမြန်းမှုကိုဖြေကြားခဲ့သည်။ လက်ရှိအစိုးရလက်ထက် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်း တိုးတက်မှု နှေးနေသည်ဟု UWSA လားရှိုးမြို့အခြေစိုက် ဆက်ဆံရေးရုံးတာဝန်ခံ ဦးညီရန်းက ပြောကြားသည်ဟု ဖော်ပြထားကြောင်း RFA သတင်းက ဆိုသည်။

လက်ရှိ အစိုးရလက်ထက် ဇူလိုင်လအတွင်း ကျင်းပခဲ့သည့် ၂၁ ရာစုပင်လုံညီလာခံ (တတိယအကြိမ်) အစည်းအဝေးပြီးသည့် နောက်ပိုင်းမှစတင်၍တပ်မတော်နှင့်တအာင်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (TNLA) တို့ တိုက်ပွဲဖြစ်ပွားသည့် အကြိမ်အရေအတွက်မှာ ၁၅ ကြိမ်ထိ ရှိခဲ့ကြောင်း သိရသည်။ ဩဂုတ်လတွင် တိုက်ပွဲခြောက်ကြိမ်အထိ ဖြစ်ပွားခဲ့သည်ဟု TNLA ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးတာအိုက်ကျော်က ပြောသည်။လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးလိုအပ်ချက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခြေအနေများအရ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အားလုံးပါဝင်သော ညီလာခံတစ်ရပ်ကျင်းပနိုင်ရန် လိုအပ်သည်ဟု ကရင်အမျိုးသားအစည်းအရုံး(KNU)ဒု-ဥက္ကဋ္ဌပဒိုစောကွယ်ထူးဝင်းကပြောသည်။

စာမျက်နှာ (၂၀) သို့

www.free4readers.com





ပြတင်းတံခါးအဖွင့် ဇာခန်းဆီးအလွင့်(၅၆)

# မိုးရေစက်ကာရန်များ

ကိုနိုင်း

မိုးရာသီဟာအနောက်တောင်လေနဲ့အတူ မြန်မာပြည်ကိုဝင်ရောက်လာခဲ့တာ အတော်ကြာလှပါပြီ။ အခုနှစ်မိုးရာသီမှာတော့ မိုးအဆက်မပြတ်ရွာသွန်းနေတော့တာပါပဲ။ နှစ်စဉ်မိုးရာသီရောက်တိုင်း မြန်မာပြည်နေရာအနှံ့ ရေကြီးတတ်တာသဘာဝတရားတစ်ခုပါပဲ။ ဒီသဘာဝတရားရဲ့ အန္တရာယ်တွေကို ရှောင်လွှဲလို့တော့ မရနိုင်ပါဘူး။ သဘာဝဘေးအန္တရာယ်တွေကို ကြိုတင်ပြင်ဆင်ထားနိုင်မှုတွေက အရေးပါနေပါတယ်။ ပြည်သူတွေအတွက် သဘာဝဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်ပေးနိုင်ဖို့ အစိုးရမှာတာဝန်ရှိပါတယ်။ အုပ်ချုပ်တဲ့သူတွေ အစွမ်းရှိတဲ့အပေါ်မှာ မူတည်နေပါတယ်။ အခုနှစ်မှာတော့ တိုင်းနဲ့ပြည်နယ်တွေမှာ မိုးတွေအဆက် မပြတ်ရွာပြီး မြို့တွေ၊ ရွာတွေရေကြီးမှုဟာ ကာလတာရှည်နေခဲ့ပါပြီ။ ရေကြီးတဲ့မြို့ရွာတွေမှာတော့ ကျောင်းတွေပါပိတ်ထားခဲ့ရပါတယ်။ ကျွန်တော်တို့ပြည်သူတွေအနေနဲ့ ဘေးအန္တရာယ်ကင်းကြပါစေလို့ ဆုတောင်းနေရုံပါပဲ။ ဒီခေတ်မှာတော့ လူကိုလူကပြန်ကယ် ဆယ်နေရသလို၊ လူကလူကိုပြန်ကူညီနေရပါတယ်။ ဒါတွေကတော့ မြန်မာလူမျိုးတွေရဲ့အချင်းချင်းရိုင်းပင်းကူညီလိုကြတဲ့ စေတနာသဒ္ဓါတရားတွေ ရှိနေတတ်တာကိုပြနေပါတယ်။ ကူညီနိုင်သမျှကူညီနေကြတာပါပဲ။ ဒါပေမယ့် သဘာဝဘေးအန္တရာယ်ကျရောက်တဲ့နေရာကလူတွေအတွက်တော့ ဒုက္ခတွေရင် စည်းခံနေကြရမှာပါပဲ။ ဒီဘေးအန္တရာယ်ကျရောက်နေတဲ့ အကြောင်းကြားလိုက်ရရင်ပဲစိတ်မကောင်းဖြစ်ကြရပါတယ်။ မိုးရာသီမှာ မိုးစက်မိုးပေါက်တွေကျတဲ့အခါတိုင်း ပျော်ရွှင်နေတတ်တဲ့ သဘာဝတရားဟာ ပျောက်ကွယ်သွားကြပါပြီ။ မိုးရေစက်တွေနဲ့အတူ မျက်ရည်တွေစီးကျနေပြီလို့ ခံစားနေရပါတယ်။ ကဗျာဆရာ'မောင်လွမ်းဏီ'ရဲ့'မင်းရွက်ရမယ့်ကဗျာ'ကိုဖတ်ပြီးခံစားမိပါတယ်။

*ဆယ်လို့ရမလားပေါ့ ငါ့သား၊*
*ဆယ်ရေတွေတိုး*
*ကိုယ်ကျိုးတွေနည်း၊*
*စွေတဲ့မိုးက*
*အိုးမဲ့လမ်းမဲ့*
*ဆိုးတဲ့ဘဝ၊ ခဏလေလား၊*
*နက်ဖြန်မနက်*
*ကျောင်းတက်ချင်တယ်၊*
*တချို့တွေက*
*ကျောင်းထွက်ကြတယ်၊*
*ကြွေမျက်ရည်ဝဲ*
*ဗေဒါတွေအံ့ခဲ*
*သူ့ရဲကောင်းကို ဖောင်စီးခဲ့*
*အိုဘယ့် ဧရာဝတီ၊*

မိုးများလို့ ရေကြီးရေလျှံတဲ့ ဒေသတွေမှာတော့ သဘာဝဘေးအန္တရာယ်ကိုခံကြရတဲ့ပြည်သူတွေအတွက် စိတ်မကောင်းဖြစ်နေကြရမှာပါ။ ကျောင်းတွေပိတ်လိုက်ရတော့ ကျောင်းတက်ချင်တဲ့ ကလေးတွေအတွက် နစ်နာရပါတယ်။ ကဗျာထဲကလို ကျောင်းတက်ချင်ပေမယ့် ကျောင်းထွက်လိုက်ရတဲ့ ကလေးတွေလည်း အများကြီးရှိနေမှာပါ။ ဒါမြန်မာပြည်ရဲ့အနာဂတ်တွေပျောက်ဆုံးသွားနေရတာကို ပြောနေပါတယ်။

*ပုံပြင်အဟောင်းတွေပါတဲ့*
*ခေါင်းခုထက်က ဆွမ်းအုပ်နီနီ*
*ကြေးစည်သံတွေနောက်ကျ*
*ခြောက်သွေ့တဲ့မိုးစက်ကတဖြောက်ဖြောက်*
*မိုးကောင်းကင်နက်နက်အောက်မှာ၊*

ကျွန်တော်တို့ငယ်စဉ်အခါက ရွတ်ဆိုခဲ့ရတဲ့မိုးရာသီရဲ့အလှကို ဖွဲ့ထားတဲ့ကဗျာလေးတွေကို ပြန်မှတ်မိ နေပါသေးတယ်။ အင်မတန်လှပတဲ့ကဗျာတွေပါ။ ဒီမိုးရာသီအလှတွေဟာ ပျောက်ဆုံးသွားကြပြီလား။

*စကားဝိုင်းတွေထဲ*
*တို့တတွေကပြက်လုံးပဲလား*
*သဲထဲရေသွန်တိုင်း၊*

ကဗျာဆရာရဲ့နောက်ဆုံးကဗျာအဆုံးမှာ အင်မတန်ကြေကွဲစရာကို၊ စကားဝိုင်းတွေထဲ ပြက်လုံးသဖွယ်ဖြစ်နေကြရတာနဲ့အဆုံးသတ်ထားပါတယ်။ ဘယ်သူတွေရဲ့စကားဝိုင်းတွေလဲ။ တွေးကြည့်စရာပါပဲ။ စကားဝိုင်းတွေထဲမှာ သဲထဲရေသွန်သလို ခေတ်ကြီးကပျောက်ဆုံးနေပြီလား။ သဲထဲရေသွန်တာကို တွေးနေမိရင်း ကဗျာဆရာ "မောင်သင်းဝေ"ရေးတဲ့"ရေနဲ့တူတဲ့လူ"ဆိုတဲ့ ကဗျာတစ်ပုဒ်ကိုသတိရလိုက်တယ်။

*သူဟာရေပဲ*
*ဘယ်တော့မှ အထက်ကိုမဆန်*
*အောက်ကိုပြန်ပြီး စုန်ဆင်း*
*"ဟင့်အင်း"လည်းမငြင်းဆန်*
*လက်ခံခေါင်းညိတ်တတ်သူဖြစ်တယ်၊*
*သူဟာရေပဲ*
*ပြောင်းလဲမှုမြန်ဆန်*
*ပုံသဏ္ဍာန်အတိအကျမရှိ*
*ခွက်၏ သဏ္ဍာန်အတိုင်းပုံပြောင်း*
*လမ်းဟောင်းလိုက်သူဖြစ်တယ်၊*

ကဗျာဆရာမောင်သင်းဝေပြောတဲ့ ရေနဲ့တူတဲ့လူတွေဟာ အခုပြောင်းလဲရမယ်ဆိုတဲ့ခေတ်မှာ ပိုများနေတာကို တွေ့မြင်နေရပါတယ်။ လက်ညှိုးထောင်ခေါင်းညိတ်တတ်ကြတဲ့ လူတွေက နေရာဝင်ယူနေကြတာတွေကိုလည်း တွေ့နေရပါတယ်။ တကယ်တော့ ရေလိုလူတွေမှာ ဘာအရည်အချင်းမှမရှိကြပါဘူး။ ပုံသဏ္ဍာန်အတိအကျမရှိ ခွက်ပုံပြောင်းရင်လည်း အလွယ်တကူလိုက်ပြောင်းလဲနိုင်ပါတယ်။ ခေါင်းဆောင်ပြောရင် ခေါင်းညိတ်တတ်ကြပြီး "ဟင့်အင်း"လို့ မငြင်းဆန်တတ်ကြပါဘူး။အလိုက်အထိုက် လိုက်လျောညီထွေပြုမူနေထိုင်တတ်တဲ့ လူတွေပါပဲ။

*သူဟာ ရေပဲ*
*နီတဲ့အခါနီ*
*ကြည်တဲ့အခါကြည်*
*နောက်တဲ့အခါနောက်*
*ကိုယ်ပိုင်အရောင်ပျောက်ဆုံး*
*သုံးချင်တဲ့အရောင် ပြောင်းသုံးလို့ရတယ်၊*
*သူဟာ ရေပဲ*
*ဆားထဲမှာပျော်ဝင်ရင် ငန်*
*သကြားထဲမှာ ပျော်ဝင်ရင် ချို*
*သံပရာနဲ့ဆိုရင် ချဉ်*
*နေရာတကာ တွင်ကျယ်လွန်းလှတယ်၊*
*အရောင်အဆင်း*
*အနံ့အရသာ ကင်းတဲ့ရေကို*
*ရေကောင်းရေသန့်ဆိုရင်တော့*
*အဲဒီလို လူတန်းစား*
*ခေတ်စားနေဦးမှာ သေချာတယ်၊*

အခုအချောင်သမားတွေ နေရာရနေတဲ့ခေတ်လို့ပြောရင် ရေနဲ့တူတဲ့လူတွေ ပေါများနေတာပါပဲ။ ရေလိုက် ငါးလိုက်လူတွေ ပေါများနေတဲ့ ခေတ်ကြီးမှာ ဘာကြောင့် ရင်ကြားစေ့ရေးခက်ခဲနေရတာလဲဆိုတဲ့မေးခွန်းကို မေးကြည့်ချင်တယ်။ တစ်ခါတလေတော့ မေးခွန်းတွေကိုဖြေရမှာတောင် ကြောက်နေရတယ်။ ဒီနိုင်ငံမှာ လူတွေဘာကြောင့် မိုးမလုံရတာလဲ။ ကဗျာဆရာဆိုတဲ့ လူတွေ မေးကြည့်ချင်တယ်ဆိုပြီး တွေးနေမိတဲ့ အချိန်မှာ"ဧည်မ်းဝေ"ရဲ့ "ကဗျာဆရာ"ကခေါင်းထဲဝင်လာပါတယ်။

*မလုံခြုံတဲ့ ကောင်းကင်ကို*
*ဘယ်ထီးနဲ့မိုးပေးရမယ် မသိဘူး*
*အရွက်မပါတဲ့ထီးက အရိုးပဲရှည်လာတယ်၊*
*မိုးရွာတဲ့အသံမှာလည်း ကဗျာဟန်က ပါနေတာပဲ*
*စစ်လက်ကျန်အသက်ကလေးနဲ့*
*ဒီကဗျာက ရှေ့တန်းထွက်နေကျ၊*
*ကဲ-အခု ဘယ်သူ့အသက်တွေကျန်သေးလဲ*
*ကဗျာတွေက နာမကျန်းဘူး*
*ဖိနပ်မပါတဲ့ လမ်းမှာ*
*ပါးစပ်ပါရင် ကဗျာက ခရီးမထောက်ဘူးဗျ*
*မသေခင်ကတည်းက နိဗ္ဗာန်ကိုတွေ့နေရတယ်၊*

ဒီခေတ်ကြီးမှာ ကောင်းကင်ကြီးပေါက်ပြနေသလို လူတွေရဲ့ဘဝတွေ မိုးစိုသလိုစိုရွှဲနေကြပြီ။ ဒီမိုးကို ဘယ်ထီးနဲ့ကာကွယ်မလဲ။ မိုးကြီးလေထန်နေတဲ့ ခရီးမှာ လေတွေထန်နေကြတာတော့ အမှန်ပါပဲ။ လေထန်နေကြတော့ ကဗျာတွေဟာ နာမကျန်းဖြစ်နေကြတယ်ဆိုပေမယ့် အတွေးထဲမှာတော့ ဖိနပ်မပါတဲ့ လမ်းမှာ ပါးစပ်ပါရင် ကဗျာတွေခရီးပေါက်နေကြမှာပါ။ "ကဗျာတွေရှင်ချင်ရင် ကဗျာဆရာတွေ သေဖို့သာပြင်ပေတော့"ဆိုပြီး ပြောသွားတဲ့ ကဗျာဆရာလှသန်းကို သွားသတိရလိုက်မိတယ်။

သောက်လက်စ ဖန်ခွက်က နောက်တစ်ခွက်မှော်
ပြောလက်စ,စကားက နောက်တစ်ရက်မှော်
နှလုံးသားကို ပျစ်ပျစ်နှစ်နှစ်ဖျော်တယ်၊
မသောက်ဘဲ
လေစားသွားတဲ့ စီးကရက်အငွေ့မှာ
ကိုယ်တို့အသားစတွေများ ပါသွားသေးလား
အသက်ရှူသံက မီးခိုးနံ့နဲ့ ညှော်လာတယ်။
ဒုက္ခကို အပျော်ကျစ်ပြီး
ချစ်ခြင်းမေတ္တာကို ထောင်ဖမ်းရတယ်
ဘယ်ဂွမ်းစတွေက
ကျောက်ခဲတွေ အသည်းလောက် ပိုနူနေဦးမှာလဲ
မိုးရွာတဲ့နောက်ကိုပဲ
ကံတရားက ဖောက်ချလိုက်ခဲ့တယ်။

ကဗျာဆရာဆိုတဲ့လူတွေလည်း မိုးရွာတဲ့နောက်ကိုပဲ ကံတရားက ဖောက်ချလိုက်ခဲ့ရင် မိုးအမြဲစိုရွှဲနေမှာပါပဲ။ အခုခေတ်မှာ ကောင်းကင်ကြီးကလည်း လုံခြုံမှုကိုမပေးနိုင်တော့ ကဗျာဆရာတွေ ဒုက္ခတရားကို ရင်စည်းခံနေရတော့မှာပါပဲ။ မိုးစိုစိုထဲမှာ ကဗျာဆရာဆိုသူတွေအတွက်တော့ ကဗျာတွေမိုးစိုပြီးကျန်ခဲ့မှာပါ။ ဘာပဲဖြစ်ဖြစ် မိုးရာသီမှာဒုက္ခတွေကို ရှောင်လွှဲလို့တော့ မရနိုင်ပါဘူး။ ဒီသဘာဝဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်ဖို့နဲ့ ဖြစ်ပေါ်လာရင်ကူညီနိုင်ဖို့အတွက် အစိုးရမှာတာဝန်အရှိဆုံးပါ။ ဒါကို ကဗျာဆရာ"စိုးနောင်(မုံရွာ)"ရေးတဲ့"နှစ်မြုပ်ခြင်း"ကဗျာကိုဖတ်ကြည့်လိုက်မိပါတယ်။

မြစ်က
မဖိတ်ခေါ်ဘဲဧည့်ခန်းမှာ
လာထိုင်နေတဲ့ဧည့်သည်။
အိမ်ရှင်တွေက
အိမ်ခေါင်မိုးပေါ်မှာ။
ထမင်းထုပ်လေးတွေမှာ
မေတ္တာဟင်းဖတ်လေးတွေနဲ့။
နောက်နှစ်ရေမနစ်ဖို့
ငါတို့မှာ
အိမ်မြင့်မြင့်ရှိမှရမယ်။
နောက်နှစ်ရေမကြီးဖို့
အစိုးရမှာ
အစီအစဉ်မြင့်မြင့်ရှိမှာမဟုတ်ဘူး။

ဒီကဗျာလေးကို ဖတ်ကြည့်လိုက်ရင် အင်မတန်မှဝမ်းနည်းကြေကွဲစရာပါပဲ။ ရေကြီးရေလျှံဒေသမှာရတဲ့ ပြည်သူတွေအတွက် ရောက်နေတဲ့ ဒုက္ခတွေကိုတော့ စာနာမိပါတယ်။ သူတို့ရဲ့ဒုက္ခတွေကို ပြည်သူက ပြည်သူကိုကူညီခဲ့ကြပေမယ့်။ အတိုင်းအတာတစ်ခုအထိပဲ ကူညီနိုင်ပါတယ်။ ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေကို ကူညီဖို့က အစိုးရမှာတာဝန်အရှိဆုံးပါ။ ဒီတာဝန်တွေကိုမယူနိုင်ဘူးဆိုရင်။

ဒီနိုင်ငံမှာလူလာဖြစ်ခြင်းက ဒုက္ခတရားတွေကို ခါးစည်းခံနေရကြရမှာပါပဲ။ ကျွန်တော်တို့အနေနဲ့ကတော့ ဆုတောင်းပေးရုံအပြင် ဘာများတတ်နိုင်ပါ့မလဲ။

◆ကိုနိုင်း◆


**ခံစားမိသောကဗျာများ**

၁။ မောင်လွမ်းဏီ၊ (မင်းရွက်ရမယ့်ကဗျာ)၊ Lwan Ni ဖေ့ဘုတ်၊ ၃၀ ဩဂုတ် ၂၀၁၈။
၂။ မောင်သင်းဝေ၊ (ရေနဲ့တူတဲ့လူ)၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ဩဂုတ်လ ၂၀၁၈။
၃။ ဧည်မ်းဝေ၊ (ကဗျာဆရာ)၊ မဟေသီမဂ္ဂဇင်း၊ ဩဂုတ်လ ၂၀၁၈။
၄။ စိုးနောင်(မုံရွာ)၊ (နှစ်မြုပ်ခြင်း)၊ မိုးမခအွန်လိုင်းမီဒီယာ၊ ဩဂုတ်လ ၂၀၁၈။

www.free4readers.com

# မြသန်းတင့်

သို့မဟုတ်

# အညာဒေသ၏ကြယ်တစ်ပွင့်

မိုးခါးပိုင် (တမာမြေ)



အညာဒေသသို့ပြောလိုက်တာနဲ့စာဖတ်သူ၏မျက်လုံးထဲတွင် ထင်မြင်သွားသောသူသည် ဆရာမြသန်း တင့်ပင်ဖြစ်သည်။ ဆရာ့ကို ခင်ကြီးဦးပေါတင့်နှင့်မိခင်ကြီးဒေါ်လှိုင်တို့မှ ပခုက္ကူခရိုင်၊ မြိုင်မြို့တွင် ၁၉၂၉ခု နှစ်၊ မေလ ၂၃ရက်၊ ကြာသပတေးနေ့၌မွေးဖွားခဲ့ပါတယ်။ ဆရာသည် မွေးချင်းခုနစ်ယောက်အနက် အကြီးဆုံးဖြစ်ပါသည်။ ဆရာသည် ၁၉၄၁ခုနှစ်တွင် မြိုင်မြို့အထက(၁)၌ ဆက်လက်ပညာဆည်းပူးခဲ့ပါတယ်။ သို့ရာတွင် ဆရာသည်ပညာကိုကောင်းမွန်စွာ သင်နိုင်ခွင့်မရခဲ့ပါ။ အဘယ်ကြောင့်ဆိုသော ထိုခေတ်သည် ဒုတိယကမ္ဘာစစ် ဖြစ်ပွားနေသောအချိန်ကာလပင်ဖြစ်သည်။ သို့သော် ဆရာသည်(၁၉၄၂)ခုနှစ်မှ ကျောင်းပြန် တက်ခဲ့ရပါသည်။ ဆရာကြီးသည် ကျောင်းတက်ရင်း ၁၉၄၃ခုနှစ်တွင် အာရှလူငယ်များအဖွဲ့၌ တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့ပါတယ်။ ထို့နောက်ဆရာကြီးသည် ၁၉၄၂ခုနှစ်၌ ဂျပန်တော်လှန်ရေးမြေအောက်ကလာပ်စည်းများနှင့်ဆက်သွယ်၍ဖက်ဆစ်တော်လှန်ရေးကြီးတွင်ပါဝင်ခဲ့ပါသည်။ ဂျပန်တော်လှန်ရေးကာလအတွင်း စစ်ကိုင်းရှိ ဗိုလ်သိန်းဦး(တော်လှန်ရေးတွင်ကျဆုံး) သခင်မောင်တင်(ပြည်တွင်းစစ်တွင်ကျဆုံး)နှင့် မြိုင်မြို့ဘုန်းတော်ကြီးဦးစရိယ ခေါ် (မြိုင်ဖဆပလအမတ်ဟောင်းဦးသက်ရှင်)တို့၏ ဦးဆောင်မှုအောက်တွင် ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ဆရာကြီးသည် (၁၉၄၅-၁၉၄၇)ဒုတိယကမ္ဘာစစ်ကြီးအပြီး မန္တလေးတိုင်း အထက်ဗမာပြည် ဖဆပလအဖွဲ့ချုပ်မြင်းခြံခရိုင်တွင်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ မန္တလေးခရိုင် ကွန်မြူနစ်ပါတီတို့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသေးသည်။

ဆရာကြီးသည် မြင်းခြံခရိုင်ကွန်မြူနစ်ပါတီကို စတင်တည်ထောင်၍ ခရိုင်ကော်မတီဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။ ကျောက်ပန်းတောင်းတွင် အက်တူး-သခင်အုန်းဖေ(ပြည်တွင်းစစ်တွင်ကျဆုံး)နှင့် အတူ လယ်သမား၊ သီးစားခမပေးရေးတိုက်ပွဲ၊ လက်ငုတ်လယ်ပြန်ထွန်ရေးတိုက်ပွဲ၊ မြေရှင်ကြီးများ၏ လယ်များကို အတင်း ဝင်ထွန်ရေးတိုက်ပွဲများကို ဦးဆောင်ခဲ့ပါတယ်။ သီးစားခမပေးရေးတိုက်ပွဲတွင် အင်္ဂလိပ်အစိုးရသိမ်းယူထားသော လယ်သမားများ၏ ပစ္စည်းများကို ပြန်လည်လုယူသည့်အတွက် (ရုံးမင်းတစ်ထိုင်)ပြစ်ဒဏ်ကျခြင်းခံခဲ့ရပါသည်။ ဆရာကြီးသည် အထွေထွေသပိတ်ကြီးတွင် မြင်းခြံ၊ မန္တလေး၊ ဒလသင်္ဘောကျင်းအလုပ်သမားထုကြီး ပါဝင်နိုင်ရေးအတွက်တာဝန်ယူခဲ့ပါတယ်။ မြင်းခြံခရိုင်အလုပ်သမားသမဂ္ဂနှင့် လယ်သမားသမဂ္ဂတို့တွင် အလုပ်အမှုဆောင်အဖြစ်ဆောင်ရွက်ရင်း ဖျူးမြို့တွင်ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖျူးလယ်သမားကွန်ဂရက်ကြီးသို့ မြင်းခြံခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပါတယ်။

၁၉၄၇ခုနှစ်တွင်မကျန်းမာသဖြင့်တာဝန်မှအနားယူကာတက္ကသိုလ်ဝင်တန်း စာမေးပွဲကိုဝင်ရောက်ဖြေဆိုခဲ့ပါတယ်။ ထို့အပြင်ဆရာကြီးသည် ပခုက္ကူ ခရိုင်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပါသည်။ သူသည် ၁၉၄၈ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင် ယူခဲ့ပါသည်။ ဆရာကြီးပထမဆုံး ရေးသားခဲ့သည့် ဒုက္ခသည်ဝတ္ထုတို ကိုတာရာမဂ္ဂဇင်း(တွဲ၃၊ အမှတ်၂၃၊ ၁၉၄၉)တွင် ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရပါတယ်။ ထို့နောက် ဆရာကြီးသည် "စာပေသည်ပြည်သူ့အတွက်"ဟူသောကြွေးကြော်သံဖြင့်"စာပေသစ်မဂ္ဂဇင်း"ကို ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်းတို့နှင့်အတူ ၁၉၅၀ခုနှစ်တွင် ဦးဆောင်ထုတ်ဝေခဲ့သည်။ ဆရာ၏ပထမဆုံးဘာသာပြန်လက်ရာအဖြစ် ၁၉၅၁ခုနှစ်တွင် ဂေါ်ကီ၏ "မာလ်ဗာနှင့်အခြားဝတ္ထုတိုများ"ကို ရေးသားထုတ်ဝေခဲ့သည်။ ထို့နောက်ဆရာကြီးသည် ၁၉၅၂ခုနှစ်၌ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့တွင်အလုပ်အမှုဆောင်အဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ စာရေးဆရာအသင်းမှထုတ်ဝေသော "စာပေမဂ္ဂဇင်း"တွင် တာဝန်ခံ အယ်ဒီတာအဖြစ်လည်းကောင်း၊ ပြည်တော်သစ်ဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ တိုးတက်ရေးသတင်းစာတွင် နိုင်ငံခြားရေးအယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယမြောက်ဘာသာပြန်အဖြစ်ဂေါ်ကီ၏အတ္ထုပ္ပတ္တိမဂ္ဂဇင်းဂေါ်ကီကို ဗန်းမော်စာတိုက်မှထုတ်ဝေခဲ့သည်။ ၁၉၅၃ခုနှစ်တွင် မေတ္တာအသချေ်အမည်ရှိသော လုံးချင်းဝတ္ထုကို ပထမဆုံးရေးသားခဲ့သည်။ ထို့နောက် ၁၉၅၄ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပါတယ်။ ၁၉၅၅ ခုနှစ် တွင် သခင်ကိုယ်တော်မှိုင်းဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေးဗဟိုကော်မတီတွင် အတွင်းရေးမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် ၁၉၅၆ခုနှစ်၌ ဥပဒေဘွဲ့ကို ရရှိခဲ့ပါတယ်။

၁၉၅၇ခုနှစ်တွင် "ပြည်သူ့တိုးတက်ရေးပါတီ"ပေါ်လစ်ဗျူရိုတွင် ပါဝင်ခဲ့သည်။ ဆရာကြီးသည် ကမ္ဘာ့ငြိမ်း ချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ)အတွင်းရေးမှူးချုပ်နှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဌာနချုပ်လုပ်ထားသော ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ၏ ဗျူရိုအဖွဲ့ဝင်လူကြီးဖြစ်ခဲ့သည်။ ၁၉၅၈ခုနှစ်၌ မြဝတီမဂ္ဂဇင်းတွင် ပဒေသရာဇ်ဆန့်ကျင်ရေးဝတ္ထုအဖြစ်လိုက်ခဲ့တော့မြနန္ဒာကိုရေးသားခဲ့ပါတယ်။ ထိုဝတ္ထုကို ရေးသားခဲ့သည့်အတွက် ပုလိပ်တို့၏အထိန်းသိမ်းခံခဲ့ရပါတယ်။ ၁၉၆၀ ပြည့်နှစ်တွင် စာရေးဆရာကလပ်တွင် အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ရင်း အမှောင်ရိပ်ဝယ်ဝတ္ထုကိုရေးသားခဲ့ပါတယ်။ ဗိုလ်တထောင်သတင်းစာတွင်နေ့စဉ်အခန်း ဆက်ဝတ္ထုအဖြစ် နှံ့ထဲကကြာဝတ္ထုကို (နှစ်နှစ်နီးပါး)ဆရာသိန်းဖေမြင့်နှင့်အတူ ပူးတွဲရေးသားခဲ့ ပါတယ်။ ဆရာကြီး၏ မူလကလောင်နာမည်မှာ မြသန်းဖြစ်သည်။ နှံ့ထဲကကြာဝတ္ထုမှစ၍ မူလကလောင်နာမည် နောက်တွင်တင့်ဟူသော စကားလုံးကို ထည့်၍ မြသန်းတင့်အမည်သို့ ပြောင်းလဲခဲ့ပါတယ်။ ဆရာကြီးသည် ၁၉၆၁ခုနှစ်တွင် အထိန်းသိမ်းခံဘဝမှလွတ်မြောက်ခဲ့သည်။ ထို့နောက် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပသော ငြိမ်းချမ်းရေးကောင်စီအစည်းအဝေးသို့ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(မြန်မာနိုင်ငံ)၏ကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့သည်။ ညီလာခံမှအပြန် ဆိုဗီယက်ယူနီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ငြိမ်းချမ်းရေးကော်မတီများ၏ ဖိတ်ကြားချက်အရဆရာကြီး ဒဂုန်တာရာ၊ပါမောက္ခ ဦးအောင်လှတို့နှင့်အတူသွားရောက်ခဲ့သည်။

၁၉၆၂ခုနှစ်တွင် စာရေးဆရာသမဂ္ဂတွင် အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်နှင့် ပြည်သူ့ကော်မတီဝင်တစ်ဦးအဖြစ် ၁၉၆၃ခုနှစ်တွင် တာဝန်ယူခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲပျက်သောအခါ အထိန်းသိမ်းခံခဲ့ရပြီး ဒုတိယအကြိမ်မြောက် ကိုကိုး ကျွန်းသို့ရောက်ခဲ့ပါတယ်။ ကိုးနှစ်ကြာပြီးနောက် ၁၉၇၂ခုနှစ်တွင် အထိန်းသိမ်းခံဘဝမှ လွတ်မြောက်ခဲ့သည်။ တော်လ်စတွိုင်း၏ စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထုကို ဘာသာပြန်ခဲ့၍၁၉၇၂ခုနှစ်အတွက် "အမျိုးသားစာပေဘာသာ ပြန်ဆု" အဖြစ်ရရှိခဲ့သည်။ ဆရာကြီးသည် ထိုဝတ္ထုကို ဘာသာပြန်ခဲ့ရာတွင် ရှစ်နှစ်နှင့်လေးလမျှကြာခဲ့ပါသည်။ ပထမအကြိမ်ပုံနှိပ်ခြင်းကို ၁၂ တွဲခွဲ၍ ပုဂံစာအုပ်တိုက်မှ ပုံနှိပ်ခဲ့ပါသည်။ ၁၉၆၅ခုနှစ် ဇူလိုင်လမှစတင်၍ပုံနှိပ်ခဲ့ရာ ၁၉၇၂ခုနှစ် အောက်တိုဘာလတွင် ပြီးဆုံးခဲ့ပါသည်။ စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထုကို ဘာသာပြန်ရာ၌ ဇာတ်ကောင်များ၏ နာမည်များသည် ရုရှားနိုင်ငံ၏ အခေါ်အဝေါ်များဖြစ်သည့်အတွက် စာဖတ်သူတို့ နားထောင့်မှာဖြစ်သည့်အတွက် နားသက်သာစေသော အမည်များကို စာလုံးအနည်းငယ်ပြောင်း၍ရေးသားခဲ့ပါတယ်။ ဆရာကြီးသည် ထိုစာအုပ်တွင် ပါဝင်သောဇာတ်ကောင်အချို့မှာ ရာဇဝင်ဇာတ်ကောင်များဖြစ်သည့်အတွက် သက်ရှိထင်ရှားရှိခဲ့သူ(သို့မဟုတ်)ရှိသူတစ်ဦးဦးအား ရည်ရွယ်ရေးသားခြင်း ဖြစ်သည်ဟု လူအများစိတ်ထဲတွင်ထင်စရာဖြစ်လာပါက များစွာဝမ်းနည်းမိကြောင်းရှေးဦးစွာ မေတ္တာရပ်ခံခဲ့ပါတယ်။ ထို့အပြင် အပြင်လောက၌ဆင်တူရိုးမှားရှိခဲ့လျှင် ၎င်းတို့နှင့်မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း အမှာစာတွင် ထည့်သွင်းဖော်ပြခဲ့ပါတယ်။ စစ်နှင့်ငြိမ်းချမ်းရေး နောက်ခံပြုသည့် ခေတ်သည် ကြေကွဲဝမ်းနည်းဖွယ်ကောင်းသော ရာဇဝင်ခေတ်ဖြစ်သည်။ အရေးကြီးသောအဖြစ်အပျက်များနှင့် တင်းကျပ်ပြည့်နေသည့် ရာဇဝင်ခေတ်ကြီးဖြစ်ရုံသာမက ကျွန်ုပ်တို့၏ မျက်မှောက်ခေတ်နှင့်မဝေးလှသော ရာဇဝင်ခေတ်ကြီးဖြစ်သည်ဟု ဆရာကြီးကရေးသားခဲ့ပါသည်။ ဆရာကြီးသည် "၎င်းဝတ္ထုကို ရေးသားနေသည့်အတောအတွင်း ပိဋကတ်တိုက်တစ်လုံးစာမျှ ကျွန်ုပ်ရှာဖွေ စုဆောင်းမိခဲ့သော ရာဇဝင်ဆိုင်ရာ အချက်အလက် မှတ်တမ်းများကို မှီငြမ်းပြု၍ ရေးသားထားခြင်းသာဖြစ်သည်"ဟု ဝန်ခံခဲ့ပါသည်။

ဆရာကြီးသည် ၁၉၇၈ခုနှစ်၌ အမေရိကန်စာရေးဆရာမ မာဂရက်မစ်ချယ်၏ "Gone With The Wind"ဝတ္ထုကို "လေရူးသုန်သုန်" အမည်ဖြင့်ဘာသာပြန်ခဲ့၍ ထိုနှစ်အတွက်"အမျိုးသားစာပေဘာသာပြန်ဆု"ကိုရရှိခဲ့ပါတယ်။ လေရူးသုန်သုန်ဟူသောအမည်သည် ဆရာကြီး၏ ကိုယ်ပိုင်အမည် မဟုတ်ချေ။ စာရေးဆရာနန္ဒ၏ ဝတ္ထုတစ်ပုဒ်မှ အမည်ဖြစ်သည်ဟု ဝန်ခံခဲ့ပါတယ်။ ဆရာနန္ဒသည် မာဂရက်မစ်ချယ်၏ "Gone With The Wind"ဝတ္ထုကို လေရူးသုန်သုန်အမည်ဖြင့် မြန်မာဇာတ်အိမ်ဖွဲ့၍ ရေးခဲ့ဖူးသည်ဟု ဆရာကြီး၏ အမှာစာတွင် ဖော်ပြခဲ့ပါတယ်။ လေရူးသုန်သုန်အမည်ရှိသောဝတ္ထုကြီးသည် အမေရိကန်ပြည်တွင်းစစ်ကို နောက်ခံထား၍ ဆရာမမစ်ချယ်က ရေးသားခဲ့သည်ဟု ထိုအမှာတွင် တွေ့ရှိရပါတယ်။ ဆရာကြီး၏အမှာစာတွင် ၁၉၅၀ခုနှစ်တစ်ဝိုက်တွင် ကလပ်ဂေဘယ်၊ လက်စလီဟောင်းဝေါဒ်နှင့် ဗီဗီယန်လေးတို့ပါဝင်သည့် လေရူးသုန်သုန်ဝတ္ထုကို ရိုက်ထားသောရုပ်ရှင်ကိုလည်း ရန်ကုန်တွင်ပြသခဲ့ဖူးသဖြင့် မြန်မာစာဖတ်ပရိသတ်နှင့် ရင်းနှီးပြီးသားဖြစ်သည်ဟုဖော်ပြခဲ့ပါတယ်။ ဆရာကြီးသည် ထိုဝတ္ထုကို ဘာသာပြန်ရာတွင် တွေ့ရသောအ ခက်အခဲများမှာ သစ်ပင်များ၊ ပန်းများနှင့်ပတ်သက်သော ဝေါဟာရများအမည်များပင်ဖြစ်သည်။ "ရုက္ခဗေဒ အဘိဓာန်တွင် လိုက်ရှာကြည့်သောအခါတွင်လည်း မျိုးရင်းချင်းတူသည့်ပန်းများ၊ အပင်များကိုသာတွေ့ရပါသည်။ အဓိပ္ပာယ်ကွဲလွဲချက်များ ရှိခဲ့လျှင်လည်း ကျွန်တော်၏တာဝန်သာဖြစ်သည်"ဟု အမှာစာတွင် ရေးသားဖော်ပြခဲ့ပါတယ်။ လေရူးသုန်သုန်အမည်ရသော ဝတ္ထုကြီးသည် အမေရိကန်ပြည်တွင်းစစ်ကိုနောက်ခံပြု ရေးသားထားသည့် လူမှုရေးနှင့်နိုင်ငံရေးဝတ္ထုကြီးဖြစ်သည်။ စစ်ပွဲဆိုသည်မှာ တစ်နည်းအားဖြင့် "ပေါ်ထွန်းစ အရင်းရှင်စနစ်နှင့်ချုပ်ငြိမ်းနေသည့် ပဒေသရာဇ်စနစ်တို့ တိုက်ခိုက်ကြသည့်စစ်ပွဲဖြစ်သည်"ဟု ဆရာကြီးက ဖော်ပြခဲ့ပါတယ်။ "လေရူးသုန်သုန်"ဝတ္ထုကြီးတွင် ဇာတ်ဆောင်မင်းသားသည် ရက်ဘတ်တလာဖြစ်၍ ဇာတ်ဆောင်မင်းသမီးမှာ စကားလက်အိုဟာရာဖြစ်သည်။ မင်းသားရက်ဘတ်တလာသည် လွတ်လပ်စွာကူးသန်းရောင်းဝယ်လိုသည့် မှောင်ခိုကုန်သည်တစ်ယောက်ဖြစ်သည်။ တောင်ပိုင်းပဒေသရာဇ်စနစ်ကြီး ကျဆုံးပျက်စီးနေသည်ကို ကြည့်၍ ဟားတိုက်ရယ်မောနေသူဖြစ်သည်ဟု စာဖတ်သူတို့ စိတ်မျက်စိတွင် ပေါ်လွင်လာ အောင်ရေးသားခဲ့ပါသည်။ ထို့အပြင် ဇာတ်ဆောင်မင်းသမီး စကားလက်အိုဟာရာကိုမူ မြေရှင်ပဒေသရာဇ် စနစ်ကို ဆက်လက်ထိန်းသိမ်းလိုသူ၊ တစ်နည်းအားဖြင့် ကျွန်ကုန်ကူးသည့်စနစ်ကို ထားချင်သူအဖြစ် စာဖတ်သူတို့၏ စိတ်မျက်စိထဲတွင် တစ်ခါတည်းစွဲသွားအောင် ကြိုးစား၍ရေးသားခဲ့ ပါတယ်။ ထို့မျှသာမက ဆရာကြီးသည် တောင်ပိုင်းပြည်နယ်များသည် သူတို့၏ ရှေးအမေရိကန်အစဉ်အလာများကို ကာကွယ်လိုသည်။ မြောက်ပိုင်းပြည်နယ်များကမူ အရင်းရှင်ခေတ်သစ်အစဉ်အလာများကို တည်ထောင်လိုကြသည်။ ထိုသမိုင်း ရေး ပဋိပက္ခများကို စာဖတ်သူတို့၏ ရင်ထဲတွင် ကွက်ကွက်ကွင်းကွင်း မြင်သာလာအောင် ရေးသားဖော်ပြခဲ့ပါသည်။

ဆရာကြီးသည် ၁၀နှစ်ကြာသည့်အခါ ၁၉၈၈ခုနှစ်တွင်လည်း တရုတ်စာရေးဆရာကြီး ဆောင်ဇူချင်းနှင့် ကောက်ငိုတို့၏ "ခန်းဆောင်နီအိပ်မက်"ဝတ္ထုဘာသာပြန်ဖြင့် "အမျိုးသားစာပေဘာသာပြန်(ရသ)ဆု"ကိုရရှိ ခဲ့ပါသည်။ (ထိုဝတ္ထုအကြောင်းကို စာဖတ်သူတို့ထံသို့ ကျွန်ုပ်အသေးစိတ်မဖော်ပြနိုင်တာ ကျွန်ုပ်၏ အားနည်းချက်ဖြစ်ပါသည်) ဆရာကြီးသည် စာပေတာဝန်ကိုဆက်လက် ထမ်းဆောင်ခဲ့ရာ ၁၉၉၂ ခုနှစ်တွင် ပြင်သစ်စာ ရေးဆရာဒိုမိနိလာယီယဲ၏ "သုခမြို့တော်" ဝတ္ထုဘာသာပြန်ဖြင့် "အမျိုးသားစာပေဘာသာပြန်(ရသ)ဆု"ကို ထပ်မံရရှိခဲ့ပါသည်။ ထို့အပြင် ဆရာကြီးသည် အမျိုးသားစာပေဘာသာပြန်(ရသ)ဆုကို စာရေးဆရာ ဒိုမိနိလာယီယဲ၏ "အချစ်မိုးကောင်းကင်"ဝတ္ထုဖြင့် ၁၉၉၅ခုနှစ်တွင် ထပ်မံရရှိခဲ့ပါသည်။ ထို့နောက်ဆရာကြီးသည် စာပေ့တာဝန်ကို ထမ်းဆောင်ရွက်ရင်း ၁၉၉၈ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်နေ့၊ ည၉း၁၅အချိန်တွင် ကွယ်လွန်ခဲ့ပါသည်။ ဆရာကြီးမကွယ်လွန်ခင်အချိန်ထိ ဘာသာပြန်စာအုပ်ပေါင်းများစွာ ရေးသားခဲ့ပါသည်။ ဆရာကြီးကွယ်လွန်သွားခဲ့ပေမယ့် ဆရာကြီး၏ စာပေများ၊ အနှစ်သာရများသည် နောင်လာနောက်သားများ အတွက် ဗဟုသုတရဖွယ်များစွာ ရရှိနိုင်သောကြောင့် အချိန်ပေးဖတ်ရှုကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

မိုးခါးပိုင်(တမာမြေ)

www.free4readers.com

FREEDOM AT MIDNIGHT

# သန်းခေါင်ယံလွတ်လပ်ရေး

မောင်ပေါ်ထွန်း မြန်မာပြန်သည်။

အပိုင်း (၁၉)

အမှန်တရား
ဘုရားတရား
အမှန်တရား

ဆင်းမလားမြို့ကလေးကား ဗြိတိသျှရာဇ ဖန်ဆင်းခဲ့သော ကမ္ဘာ့ခေါင်မိုးပေါ်မှ နတ်ဘုံနတ်နန်းကလေး တစ်ခုပင် ဖြစ်လေသည်။

ဟိမဝန္တာတောင်တန်းတွင် ပေပေါင်း(၇၁၀၀)အမြင့်၌တည်ရှိသော ဤမြို့ကလေးသည်တစ်နှစ်လျှင် ငါးလတာမျှ ဗြိတိသျှရာဇနှင့် အထက်တန်းအရာရှိကြီးများ၏ မွေ့ရိုက်ရာမြို့တော်ကလေးဖြစ်ခဲ့သည်။ သူတို့သည် ဤမြို့တော်ကလေးမှ မွေ့ထိုင်ကာ အိန္ဒိယအင်ပါယာကြီးကို လည်းကောင်း၊ ပင်လယ်နီမှမြန်မာပြည်အထိ ရှိရှိသမျှ လက်အောက်ခံနိုင်ငံများကိုလည်းကောင်း အုပ်ချုပ်ခဲ့ကြသည်။ ကပွဲရုံများ၊ ဟိုတယ်များ၊ ရေကူးကန်များ၊ ပန်းဥယျာဉ်များနှင့် ဘုရားရှိခိုးကျောင်းများဖြင့် စည်ပင်ဝေဆာနေသော ဆင်းမလားမြို့ကလေးမှာ အပူဒဏ်ကို အလူးအလဲခံနေရသော တခြားအိန္ဒိယမြို့ရွာများနှင့် လုံးဝမတူဘဲ တကယ်ပင် ဥရောပဆန်လျက်ရှိ လေသည်။

နှစ်စဉ် ရာသီဥတု ပူပြင်းစပြုသောဧပြီလလယ်တွင် ဘုရင်ခံချုပ်၏အထူးရထားသည် ဆင်းမလားမြို့သို့ ရှေးရှုခုတ်မောင်းလာသောအခါ တမူထူးခြားသော "ဆင်းမလား၏ရာသီဥတု"သည် စတင်လေတော့သည်။ ဘုရင်ခံချုပ်နှင့်အတူ ကိုယ်ရံတော်တပ်ဖွဲ့ဝင်များ၊ အတွင်းဝန်များ၊ ကိုယ်ရေးအရာရှိများ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ သံအမတ်များနှင့် အိုင်စီအက်အရာရှိကြီးများ စသည့်ဘုရင်ခံချုပ်ရုံးတော်၏ အရေးပါသောပုဂ္ဂိုလ်မှန်သမျှ တစ်ယောက်မကျန် လိုက်ပါလာကြသည်။ သူတို့နောက်ကမူ အုပ်ချုပ်သမားများ၊ ဆံသဆတ္တာများ၊ ဖိပ်နှင့် မြင်းကုန်းနှီးတန်ဆာပြင်သူများ၊ ရွှေပန်းတိမ်ငွေပန်းတိမ်များ၊ ပိုင်နှင့်အရက်မျိုးစုံရောင်းချသူများအပြင် အဝတ်အစားနှင့် အလှပြင်ပစ္စည်းသေတ္တာကြီးငယ်မျိုးစုံကိုယူလာကြသော အရာရှိကတော်များနှင့် သားသမီးများတစ်ပြုံတစ်ခေါင်းကြီး ပါလာကြသည်။

ယခင်ကဆိုလျှင် ၁၉၀၃ခုနှစ်တိုင်အောင် ကလကာဒေသအထိ(၄၂)မိုင်ခရီးကို ရထားနှင့်သွားရပြီး ကျန်ခရီးကို ဆင်းမလားမြို့ခြေရင်းအထိ မြင်းနှစ်ကောင်ဆွဲရထားလုံးဖြင့် ရှစ်နာရီတိတိ သွားကြရသည်။ ဝန်စည်စလယ်များကိုမူ နွားလှည်းများဖြင့်လည်းကောင်း၊ ကူလီများဖြင့်လည်းကောင်း သယ်ယူကြရသည်။ အရက်မျိုးစုံနှင့် အခြားစားသောက်ဖွယ်များစွာတို့ ပါဝင်သော အထုပ်အပိုးသေတ္တာများကို ကျောပေါ်တွင်တစ်မျိုး၊ ပခုံးပေါ်တွင်တစ်နည်းဖြင့် ထမ်းပိုးလာကြသည့် ကူလီတန်းကြီးမှာ တောင်ခါးပန်းလမ်းတစ်လျှောက် မဆုံးနိုင်အောင် ဖြစ်လေသည်။

ကူလီများကို ဤမျှရာထောင်ချီ၍အသုံးပြုရခြင်းမှာ ဆင်းမလားမြို့တွင်း၌ မြင်းခွာနှင့် ကားဘီးရာများ ကင်းရှင်းပြီး လူသားတို့၏နူးညံ့သောခြေဖဝါးရာများသာ ပေါ်စေရန်ဖြစ်သည်။ ယခင်ကဆိုလျှင် မြို့ထဲတွင် ရထားယာဉ်သုံးစီး၊ သို့မဟုတ် ကားသုံးစီးကိုသာ သွားလာခွင့်ပြုခဲ့သည်။ ယင်းတို့မှာလည်း ဘုရင်ခံချုပ်၊ အိန္ဒိယတပ်မတော်စစ်ဦးစီးချုပ်နှင့်ပန်ဂျပ်ပြည်နယ်ဘုရင်ခံတို့၏ယာဉ်များသာ ဖြစ်သည်။ ဆင်းမလား၏ရိုးရာ ပုံပြင်တစ်ခုအဆိုအရ တစ်ခါတွင်ဘုရားသခင်က သူ၏ယာဉ်တစ်စီးကိုပါ မောင်းနှင်ခွင့်တောင်းခံသော်လည်း သက်ဆိုင်ရာအာဏာပိုင်များကခွင့်မပြုခဲ့ဟု အဆိုရှိခဲ့သည်။ နောက်ပိုင်းတွင် အိန္ဒိယမှ ဗြိတိသျှတို့ထွက်ခွာ သွားသည့်အချိန်အထိ လန်ချားယာဉ်များကို အသုံးပြုခဲ့သည်။ လန်ချားတစ်စီးကို လူလေးယောက်က တောင်ဆင်းတောင်တက်ခရီး ပင်ပန်းကြီးစွာ ဆွဲကြရသည်။ အပိုတစ်ယောက်က လူစားလဲရန် လန်ချားဘေးမှ လိုက်ပါရသေးသည်။

အစဉ်အလာအရ ကူလီများမှာ ဖိနပ်မစီးကြရချေ။ သို့သော် ခိုင်းစေသူပုဂ္ဂိုလ်တို့၏ လူမှုရေးအဆင့်အတန်းအလိုက် ကူလီများကဝတ်ဆင်ကြရသည်။ ဘုရင်ခံချုပ်၏ ကူလီများမှာ အထူးအခွင့်အရေးအနေဖြင့် ကြက်သွေးရောင်အဝတ်အစားများကို ဝတ်ဆင်ကြရသည်။ ဆင်းမလားမြို့မှကူလီများမှာ မနိုင်သောဝန်များကို တိရစ္ဆာန်များပမာ ထမ်းကြရသဖြင့် အားလုံးလိုလိုပင် အဆုပ်ရောဂါ၏ သားကောင်များအဖြစ် ဘဝဆုံးရှုံးကြရရှာသည်။

တောင်ပေါ်မြို့တွင် ကျင်းပသော စားပွဲသောက်ပွဲများမှာလည်း ကြီးကျယ်ခမ်းနားလှသည်။ အထူးသဖြင့် ဘုရင်ခံချုပ်စံရိပ်သာ၌ကျင်းပသောပွဲမှာ အခမ်းနားဆုံးဖြစ်သည်။ ဘုရင်ခံချုပ်၏ ဧည့်ခံပွဲသို့လာရောက်ကြသော အထက်တန်းလွှာအရာရှိကြီးများ၏ လန်ချားသမားများက အနီရောင်ဖဲပွင့်များဆင်ထားပြီး ဘုရင်ခံချုပ် ဝင်သောသီးသန့်လမ်းမှ ဝင်ခွင့်ရကြသည်။ အခြားအဆင့်နိမ့်သော ပုဂ္ဂိုလ်များ၏လန်ချားသမားများကမူ အဖြူရောင်ဖဲပွင့်ကို ဆင်၍ အများဝင်သောလမ်းက ဝင်ကြရသည်။

ဘုရင်ခံချုပ်ဧည့်ခံပွဲ၏ ခမ်းနားပုံကိုပြောပြလျှင် ယုံနိုင်ဖွယ်ရာမရှိချေ။ ညအခါတွင် တောင်တက်တောင်ဆင်းလမ်းအတိုင်း လန်ချားတစီတတန်းကြီးက တရွေ့ရွေ့သွားနေကြသည်ကို မြင်ရသည်မှာ ခံစားမှုအမျိုးမျိုးကို ရရှိနိုင်သည်။ လန်ချားဦးပိုင်းတွင် မှန်အိမ်မီးတွေ မှိတ်တုတ်မှိတ်တုတ်ဖြင့် လန်ချားဆွဲကူလီတို့၏ ခြေချသံများကို ဆိုင်းချက်ညီညီ ကြားနေရသည်မှာ လန်ချားထဲ၌ ပါလာသောပုဂ္ဂိုလ်များအဖို့တော့ ဂီတသံပမာထင် မှတ်ကောင်းထင်မှတ်ကြပေလိမ့်မည်။

ဆင်းမလားမြို့၏ ဗဟိုချက်ချာမှာ 'မောလ်' ရိပ်သာရပ်ကွက်ဖြစ်သည်။ ဤရပ်ကွက်တွင် လက်ဖက်ရည်ဆိုင်များ၊ ကုန်စုံဆိုင်များ၊ ဟိုတယ်များ၊ ဘဏ်တိုက်နှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ ရှိကြသည်။ ပထမကမ္ဘာစစ်ကာလအထိ ဤရပ်ကွက်သို့အိန္ဒိယ အမျိုးသားများအား ခြေချခွင့်မပြုခဲ့ချေ။

ဆင်းမလားသို့ လာရောက်ကြသူတိုင်းသည် ပူပြင်းသော ရာသီဥတုဒဏ်မှရှောင်ခွာ၍ အပန်းဖြေအနားယူရန် သက်သက်ချည်းမဟုတ်ခဲ့ကြ။ လူမည်းအိန္ဒိယအမျိုးသားတို့ထက် ထူးခြားမြင့်မြတ်ကြောင်းပြလိုသော အင်္ဂလိပ်တို့၏'လူမျိုးကြီးဝါဒ'မှပေါက်ဖွားလာသည့် လူတန်းစားခွဲခြားမှုတစ်ရပ်လည်း ဖြစ်ပေသည်။

မောင့်ဘက်တန် ရောက်လာသောအချိန်တွင်ကား ယင်းသို့သောရှေးအစဉ်အလာအားလုံးကို ဖျက်သိမ်းလိုက်လေသည်။ ယခုဆိုလျှင် မောလ်ရိပ်သာ ရပ်ကွက်တွင် အိန္ဒိယတိုင်းရင်းသားများ ခြေချခွင့်ရခဲ့ကြလေပြီ။ သို့သော် ဥရောပဝတ်စုံကို ဝတ်ဆင်မှသာ ဝင်ရောက်ခွင့်ပြုလေသည်။

ဆင်းမလားသို့ရောက်သောအခါ မောင့်ဘက်တန်သည် သူ့လုပ်ရပ်များကိုပြန်လည်သုံးသပ်မိသည်။ သူသည် နေ့စဉ်ရက်ဆက် ဆွေးနွေးပွဲများကြောင့် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ခဲ့သည်။ ယခုအခါတွင်မူ သူသည် အထူးပင်စိတ်ဓာတ်တက်ကြွလျက်ရှိသည်။ ကိုယ့်လုပ်ရပ်ကိုလည်း ကိုယ်ယုံကြည်မိသည်။ သူသည် အခြားအခြားသော ဘုရင်ခံချုပ်များ မလုပ်နိုင်ခဲ့သော အလုပ်ကြီးတစ်ခုကိုလုပ်နိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံကြီးကို မလွဲသာမရှောင်သာ၍ နှစ်ပိုင်းခွဲရသဖြင့် စိတ်မချမ်းသာဖြစ်မိသော်လည်း ဗြိတိသျှတို့အနေဖြင့် ဂုဏ်သိက္ခာရှိရှိ ထွက်ခွာနိုင်မည့်နည်းလမ်းကို သူကရှာဖွေတင်ပြနိုင်ခဲ့သည်။

သူသည် ဤလုပ်ငန်းနှင့်ပတ်သက်၍ အာဏာကုန်ဆောင်ရွက်နိုင်ခွင့်ကို နန်းရင်းဝန် အက်တလီထံမှ ရရှိခဲ့သောကြောင့် သူ့အစီရင်ခံစာကို လန်ဒန်သို့မပို့မီ အိန္ဒိယခေါင်းဆောင်များအား တရားဝင်တင်ပြနေရန် မလိုတော့ပေ။ အရေးကြီးသည်မှာ ထိုစီမံကိန်းကို သူတို့က လက်ခံနိုင်သည်ဟူသောအချက်ကို အက်တလီ အစိုးရအဖွဲ့က ယုံကြည်မှုရစေရန်သာဖြစ်သည်။

ယင်းစီမံကိန်း မောင့်ဘက်တန်သည် သူ၏ရုံးခန်း၌ အပြန်ပြန်အလှန်လှန်လေ့လာသုံးသပ်ပြီးမှ ရေးဆွဲခဲ့သည်။ အိန္ဒိယခေါင်းဆောင်တို့၏ စိတ်စေတနာနှင့် ခံယူချက်အပြင် သက်ဆိုင်ရာပြည်နယ်သားတို့၏ ဆန္ဒကိုလည်း ထည့်သွင်းစဉ်းစားခဲ့သည်။ ထို့ကြောင့် ဤစီမံကိန်းကို သူတို့အားလုံးက တညီတညွတ်တည်း လက်ခံကြလိမ့်မည်ဟု သူကယုံကြည်သည်။ ထို့ကြောင့်လည်း မေလ(၁၇)ရက်နေ့တွင် ထိုစီမံကိန်းကို သက်ဆိုင်ရာ တိုင်းရင်းသားခေါင်းဆောင်များအားတင်ပြရန် ရည်ရွယ်ကြောင်း ဆင်းမလားသို့မလာမီကလေးတွင် သူက တရားဝင်ပြောခဲ့ခြင်း ဖြစ်သည်။


အိန္ဒိယရိုးရာဝတ်စုံဝတ်ဆင်ထားသော အိန္ဒိယအမျိုးသမီးတစ်ဦး။

ယင်းစီမံကိန်း လန်ဒန်မြို့သို့ရောက်သည်မှစ၍ မောင့်ဘက်တန်ထံသို့ သံကြိုးစာများ တစ်စောင်ပြီးတစ်စောင်ရောက်လာကြသည်။ ယင်းတို့မှာ အက်တလီအစိုးရက စီမံကိန်းပါအချက်အလက်များကို မထိခိုက်စေဘဲ ဝေါဟာရအသုံးအနှုန်းကို ပြင်ဆင်ရန်အကြံပေးစာများ ဖြစ်ကြသည်။

မောင့်ဘက်တန်၏စိတ်တွင် မတင်မကျခံစားနေရသော အခြားပြဿနာကြီးတစ်ရပ်မှာ သူ့စီမံကိန်းကို အက်တလီက အတိအကျလက်ခံခဲ့လျှင် အိန္ဒိယနိုင်ငံမှာ နှစ်နိုင်ငံတည်းသာမကဘဲ သုံးနိုင်ငံပင် ဖြစ်သွားနိုင်သော အချက်ဖြစ်သည်။ ဘင်္ဂလားပြည်နယ်ရှိ ဟိန္ဒူနှင့် မွတ်စလင် (၃၅)သိန်းတို့အတွက် ကာလကတ္တားကို မြို့တော်အဖြစ်ထားကာ သီးခြားတစ်နိုင်ငံ တည်ထောင်ပေးရန် အဆိုတစ်ရပ်ကို သူ့စီမံကိန်းတွင် ထည့်သွင်းခဲ့သည်။

ဤအဆိုပြုချက်အတွက် သူသည် ဂျင်းနား၏ပန်ဂျပ်နယ်နှင့် ဘင်္ဂလားပေါင်း၍ ပါကစ္စတန်ထူထောင်ရေးမူကို ဆန့်ကျင်ပြီး ဟိန္ဒူနှင့် မွတ်စလင်အပါအဝင် ဘင်္ဂလားနယ်မှ နယ်ခံနိုင်ငံရေးခေါင်းဆောင်များအား လျှို့လျှို့ဝှက်ဝှက်စည်းရုံးခဲ့သည်။ ဤအကြံကိုဂျင်းနားအား ပြောပြသောအခါ ဂျင်းနားကမကြိုက်သော်လည်း အခြေအနေအရ လက်ခံရန် ဝန်မလေးကြောင်းတွေ့ရှိရသည်။ သို့သော်မောင့်ဘက်တန်က ဤအကြံကိုနေရူးနှင့် ပတေးတို့အား လုံးဝမပြောရသေးခြင်းအတွက် စိတ်လေးနာမိသည်။ သူတို့၏ ကွန်ဂရက်အဖွဲ့အတွက် ရန်ပုံငွေများ အကြီးအကျယ်ထောက်ပံ့နေသော စက်မှုလုပ်ငန်းရှင်ကြီးများ၏ အထည်စက်ရုံများတည်ရှိရာ ကာလကတ္တားဆိပ်ကမ်းမြို့ကြီးကို သူတို့အနေဖြင့်စွန့်လွှတ်နိုင်ပါမည်မလား။ မစွန့်လွှတ်နိုင်ခဲ့လျှင် သူ၏စီမံကိန်းမှာ အိန္ဒိယဗြိတိန်နှင့် ကမ္ဘာ့နိုင်ငံများအမြင်တွင် မည်သို့မျှ အဓိပ္ပာယ်မရှိသော 'အလကားစီမံကိန်း'မျိုး အဖြစ်သို့ရောက်သွားမည်မှာ သေချာလေသည်။

ယင်းသို့စဉ်စားရင်း ရုတ်တရက်အကြံတစ်ခု ပေါ်လာသည်။ ထိုစီမံကိန်းကို နေရူးအားနှစ်ယောက်ကြားရင်းရင်းနှီးနှီးပြောပြရန်ဖြစ်သည်။ သူသည် နေရူးအား သူနှင့်အတူ အနားယူရန်ဆင်းမလားသို့ ဖိတ်ခေါ်လာခဲ့သည်။ နေရူးနှင့်သူတို့၏ဆက်ဆံရေးသည် သူတို့နှစ်ဦး၏ ပုဂ္ဂလိကဆက်ဆံရေးမျှသာမကဘဲ အိန္ဒိယနှင့်ဗြိတိန်နိုင်ငံတို့၏ နောင်အရှည်သဖြင့် ချစ်ကြည်ရင်းနှီးမှုအတွက် ပေါင်းကူးတံတားလည်းဖြစ်သည်ဟူ၍ မောင့်ဘက်တန်က ယုံကြည်သည်။

ထို့ပြင် နေရူးသည် သူ၏ဇနီးနှင့်လည်းအလွန်ရင်းနှီးသည်။ နိုင်ငံရေးကိစ္စများကြောင့် ပင်ပန်းနွမ်းနယ်နေသော နေရူးအားအက်ဒွင်နာမောင့်ဘက်တန်က စာနာစိတ်ဖြင့်တတ်နိုင်သမျှ ဧည့်ခံပြုစုခဲ့သည်။ သူတို့သည် လက်ဖက်ရည်သောက်ရင်း၊ လမ်းလျှောက်ရင်း၊ ရေကူးရင်းဖြင့် နိုင်ငံရေးရာများကို ဆွေးနွေးခဲ့ကြသည်။ ရယ်စရာမောစရာများပြောကာ တရင်းတနှီး ဆက်ဆံခဲ့ကြသည်။

မောင့်ဘက်တန်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ထို့နောက်သူ၏အတိုင်ပင်ခံများအား သူ့ရုံးခန်းသို့ ခေါ်ယူပြီး သူ၏ဆုံးဖြတ်ချက်ကို ရှင်းပြသည်။

ဘုရင်ခံချုပ်၏စကားကို ကြားရသောအခါ အတိုင်ပင်ခံများက အံ့အားသင့်သွားကြသည်။ အိန္ဒိယနိုင်ငံခွဲခြမ်းရေးစီမံကိန်းကို ဂျင်းနားမသိဘဲ နေရူးအားပြသခြင်းသည် မွတ်စလင်အမျိုးသားခေါင်းဆောင်ကြီးအား သစ္စာဖောက်ရာရောက်မည်။ တစ်နေ့တွင် ဤအကြောင်းကို ဂျင်းနားသိရှိသွားပါက ဘုရင်ခံချုပ်အဖို့ ကောင်းကျိုးထက် ဆိုးကျိုးသာရရှိမည်ဟူ၍ အတိုင်ပင်ခံများက တင်ပြကြသည်။

မောင့်ဘက်တန်သည် စားပွဲကိုလက်ချောင်းကလေးများဖြင့် ပုတ်ကစားရင်းအတန်ကြာမျှ စဉ်းစားခန်းထုတ်နေသည်။ ပြီးတော့မှ 'ဝမ်းနည်းပါတယ်၊ ခင်ဗျားတို့ရဲ့ အကြောင်းပြချက်တွေအားလုံး မှန်ကန်ပါတယ်။ ဒါပေမယ့် မတတ်နိုင်တော့ဘူး။ ကျုပ်ရဲ့အတွင်းစိတ်က နေရူးကိုပဲ အရင်ပြချင်နေတယ်။ အတွင်းစိတ်ဆန္ဒကိုပဲ ကျုပ်လိုက်နာရတော့မယ်" ဟူ၍ပြောလိုက်သည်။

Larry Collins and Dominique Lapierre တို့ ရေးသော FREEDOM AT MIDNIGHT ကို မောင်ပေါ်ထွန်း (မြန်မာပြန်) အပိုင်း(၂၀)ကို ဆက်လက်ဖော်ပြပါမည်။

# ဂူသင်ခန်းစာ



...င် အသက်ရှင်ကျန်ရစ်သော စစ်သားဟောင်းကြီးမှ ...ဆွတ်ကြေကွဲစွာ လာရောက်အလေးပြုနေစဉ်။




အမေရိကန်သမ္မတရော်နယ်ရေဂင်နှင့်ဇနီးနန်စီတို့ ပြင်သစ်ပြည် နော်မန်ဒီကမ်းခြေစစ်သင်္ချိုင်းသို့ လာရောက်အလေးပြုစဉ်။

ဒီလို ဦးနေဝင်းရဲ့အရိုးပြာတွေကို လှိုင်မြစ်ထဲ မျှောပစ်ရတာဟာ ဦးနေဝင်းရဲ့မသေဆုံးခင်က ဆန္ဒကြောင့်လား၊ ကျန်ရစ်သူသမီး ဒေါ်စန္ဒာဝင်းရဲ့ဆုံးဖြတ်ချက်လား၊ အာဏာပိုင်တွေရဲ့အမိန့်လားဆိုတာတော့ ဒီနေ့အထိ သဲသဲကွဲကွဲမသိရသေးပါ။ (ဒီအကြောင်းကို ကျန်ရစ်သူသမီးဖြစ်သူ ဒေါ်စန္ဒာဝင်းနဲ့ တွေ့ဆုံမေးမြန်းခွင့်ရရှိလိုပါတယ်)

ဒါကြောင့် သွားစဉ်းစားမိတာက ဦးနေဝင်းဟာ သူအာဏာသိမ်းလို့ အာဏာကဆင်းသွားရတဲ့ သခင်နုအပါအဝင် ဖဆပလခေါင်းဆောင်တွေနဲ့သေရင်တောင် သင်္ချိုင်းတစ်ခုတည်းမှာ အတူတူမနေချင်လို့ တမင် လှိုင်မြစ်ထဲ ငါ့အရိုးပြာကို မျှောချပါလို့ မှာခဲ့လေသလား သွားစဉ်းစားမိပါတယ်။ ဦးနေဝင်းဟာ ဒေါသကြီးသူ၊ ခေါင်းမာတဲ့ပုဂ္ဂိုလ်ကြီးဖြစ်တာကြောင့် ဒီလိုသွားတွေးမိခြင်းပါပဲ။

## သခင်နုတို့ အုတ်ဂူ ဘယ်မှာလဲ ..

သခင်နုအပါအဝင် လွတ်လပ်ရေးခေါင်းဆောင်ကြီးတွေ၊ ရဲဘော်သုံးကျိပ်တွေ၊ နိုင်ငံရေးခေါင်းဆောင်ကြီးတွေဟာ သေသွားကြတာတောင် တစ်နေရာတည်းမှာ ငြိမ်းချမ်းစွာလဲလျောင်းအနားယူခွင့် မရခဲ့ပါဘူး။ သေဆုံးသွားတဲ့ လူသားတိုင်းကို သေဆုံးသွားသူဟာ ဘယ်သူဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အယုတ်အလတ်အမြတ်မရွေး အသက်ရှင်ကျန်ရစ်သူတွေက Respect လေးစားသမှုပြုရမှာကို နဝတခေါင်းဆောင်တွေ ပျက်ကွက်ခဲ့ပါတယ်။

သခင်နုတို့တွေဟာ သေတာတောင် အုတ်ဂူနှစ်ခါပြန်ရွှေ့ရ၊ အုတ်ဂူဖြိုဖျက်ကြရ၊ အုတ်ဂူပြန်ဆောက်ကြရတဲ့အဖြစ်ဆိုးမျိုးဟာ သမိုင်းမှာ ဘယ်လိုခေါင်းဆောင်တွေမှ မကြုံတွေ့ခဲ့ရဖူးတဲ့ အဖြစ်ဆိုးနဲ့ ရင်ဆိုင်ခဲ့ရခြင်းပါ။

## မော်စီတုန်း မိဘနှစ်ပါးဧ်အုတ်ဂူ ဖြိုမျက်ခဲ့သော ချန်ကေရှိတ်

အိမ်နီးချင်းတရုတ်သမိုင်းမှာတော့ ဒီလိုရန်ငြိုးဖွဲ့ပြီး အုတ်ဂူဖြိုခဲ့တဲ့အဖြစ်အပျက် ရှိပါတယ်။ ၁၉၃၇-၄၉ တရုတ်ပြည်ရဲ့ ဂျပန်ခုခံရေးစစ်ပွဲနဲ့အတူ ကွန်မြူနစ်-ကူမင်တန်(မော်စီတုန်း-ချန်ကေရှိတ်) ပြည်တွင်းစစ်ပွဲကာလက ဖြစ်ပါတယ်။

မော်စီတုန်းဟာ ကျေးလက်တောသားက ပြောက်ကျားတပ်ခေါင်းဆောင်၊ တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဖြစ်လာခဲ့သူပါ။ ပြည်တွင်းစစ်အတွင်း ကွန်မြူနစ်-ကူမင်တန် နှစ်ဖက်တိုက်ခိုက်နေတဲ့ကာလမှ မော်စီတုန်းကို မွေးဖွားခဲ့တဲ့ ဇာတိကျေးရွာရှိရာဒေသဟာ ပြိုင်ဘက်ဗိုလ်ချုပ်ကြီးချန်ကေရှိတ်ရဲ့တပ်တွေ ထိန်းချုပ်ထားတဲ့ ဒေသဧရိယာအတွင်းမှာ ရောက်နေပါတယ်။ ချန်ကေရှိတ်ဟာ မြန်မာပြည်ကနဝတခေါင်းဆောင်တွေလိုယတြာ ချေတဲ့အနေနဲ့ မော်စီတုန်းရဲ့မွေးဖွားရာ ဇာတိကျေးရွာက မော်စီတုန်းမိဘနှစ်ပါးရဲ့အုတ်ဂူကို ဘူဒိုဇာနဲ့ထိုးပြီး ဖျက်ဆီးဖို့ အမိန့်ပေးခဲ့ပါတယ်။ စစ်အတွင်း ရန်သူတွေအဖြစ်တိုက်နေရတဲ့အချိန်မှာ မော်စီတုန်းဟာ သူ့ဇာတိရွာသင်္ချိုင်းက သူ့မိဘနှစ်ပါးရဲ့အုတ်ဂူတွေ ဖျက်ဆီးဖယ်ရှားခံရတဲ့ သတင်းကြားရတဲ့အခါ အလွန်စိတ်ထိခိုက်ဝမ်းနည်း ခဲ့ရပါတယ်။ မော်စီတုန်း အဲဒီလို စိတ်ထိခိုက်ခံစားစေချင်လို့ ချန်ကေရှိတ် လုပ်ဆောင်ခဲ့ခြင်းပါ။ ဒါ့အပြင် တရုတ်လူမျိုးတွေဟာသေဆုံးသူ မိဘဘိုးဘွားတွေရဲ့အုတ်ဂူတွေမှာ နှစ်စဉ်ကန်တော့ရတဲ့အစဉ်အလာဟာ အရေးကြီးလှတဲ့အစဉ်အလာဖြစ်ပြီး ဘိုးဘွားမိဘတွေကို ကိုးကွယ်ကြတဲ့လူမျိုးတွေပါ။

ဒီလို တရုတ်လူမျိုးတွေ ကိုးကွယ်တဲ့မိဘဘိုးဘွားတွေရဲ့အုတ်ဂူကို ဖျက်ဆီးခြင်းဟာ အကြီးမားဆုံးရက်စက်တဲ့ ပြစ်မှုမြောက်ပါတယ်။

xxx

၁၉၄၉ အောက်တိုဘာ (၁)ရက်နေ့မှာတော့ ပြည်တွင်းစစ်ကြီးကို မော်စီတုန်းရဲ့ကွန်မြူနစ်တွေက အပြီးအပြတ်အောင်ပွဲဆင်ခဲ့ပြီး ပီကင်းမြို့မှာ မော်စီတုန်းဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ကြောင်း ကြေညာခဲ့ပါတယ်။ ချန်ကေရှိတ်လည်း ထိုင်ဝမ်ကျွန်းကို ထွက်ပြေးဆုတ်ခွာသွားခဲ့ရတယ်။

ချန်ကေရှိတ်ရဲ့ မိဘနှစ်ပါးနဲ့ ဘိုးဘွားတွေရဲ့ ဂူသင်္ချိုင်းဟာ ပီကင်းမြို့မှာ တည်ရှိနေပါတယ်။ ဒါကြောင့် မော်စီတုန်းရဲ့ လက်ထောက်တစ်ဦးက လက်စားချေတဲ့အနေနဲ့ ချန်ကေရှိတ် မိဘဘိုးဘွားတွေရဲ့သင်္ချိုင်းဂူတွေကို ဖျက်ဆီးပြီး ဖယ်ရှားဖို့ အကြံပြုပါတယ်။ ဒါကို မော်စီတုန်းက လုံးဝလက်မခံဘဲ ငြင်းပယ်လိုက်ပါတယ်။ ဒါ့အပြင် ချန်ကေရှိတ်ရဲ့မိဘဘိုးဘွားတွေရဲ့ဂူသင်္ချိုင်းကို ဆက်လက်စောင့်ရှောက်ရန်နဲ့ ထာဝရတည်တံ့စေရမယ်လို့ အမိန့်ကိုတောင် ထုတ်ပြန်ခဲ့ပါသေးတယ်။ ဒီသတင်းကို ထိုင်ဝမ်ရောက်သွားတဲ့ စစ်ရှုံးသမား ချန်ကေရှိတ်ကြားသိရတဲ့အခါ မျက်ရည်ကျပြီး နောင်တအကြီးအကျယ်ရစေခဲ့ပါတယ်။ ဒီလိုနဲ့အရှုံးကို ရင်မှာပိုက်ပြီး ထိုင်ဝမ်ကျွန်းပေါ်မှာပဲ စစ်ရှုံးဘုရင် ချန်ကေရှိတ်ဟာ နောက်ထပ် (၂၅) နှစ်လောက်အသက်ရှင်ပြီး ၁၉၇၅ခုနှစ်မှာ ကွယ်လွန်သွားခဲ့ရတယ်။ သူ့ဇနီး မဒမ်ချန်ကေရှိတ်ကတော့ သူ့ခင်ပွန်းမရှိတော့တဲ့နောက်ပိုင်း အမေရိကန်ပြည်ကို ထွက်ခွာသွားပြီး နယူးယောက်မြို့မှာ အသက်(၁၀၂)နှစ်မှာ ကွယ်လွန်သွားပါတယ်။

ကမ္ဘာပေါ်မှာ မဟာရန်သူကြီးတွေဖြစ်တဲ့ မော်စီတုန်းနဲ့ ချန်ကေရှိတ်အကြားမှာတောင် သင်္ချိုင်းဂူနဲ့ ပတ်သက်တဲ့ လက်စားချေမှု၊ ရက်စက်မှုနဲ့ မော်စီတုန်းရဲ့ သဘောထားကြီးမှုတွေကို တွေ့ရတာပါ။

ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ သေဆုံးသူတွေကို အလွယ်တကူပဲ သေဆုံးပြီဆိုတာနဲ့ သင်္ချိုင်းအမြန်ပို့ကြ၊ သင်္ချိုင်းထဲမှာ အမြန်သဂြိုဟ်ကြ၊ အမြန်အသုဘချကြ အမြန်ဂူသွင်းပြီး သင်္ချိုင်းထဲမှာ ထာဝရလှည့်မကြည့်တော့ဘဲ ပစ်ထားတတ်ကြတဲ့လူမျိုးတွေဖြစ်နေပြီလား။

သင်္ချိုင်းတွေထဲမှာ၊ အုတ်ဂူတွေထဲမှာ လဲလျောင်းသွားကြပြီးသူတွေ အသက်ထင်ရှားရှိစဉ်က သူတို့ဘဝတစ်လျှောက်လုံး နိုင်ငံနဲ့လူမျိုးအတွက်၊ မိသားစုအတွက် ဘာတွေစွန့်လွှတ်အနစ်နာခဲ့ကြသလဲဆိုတာ မစဉ်းစားတတ်ကြတော့ဘူးလား၊ မြန်မာတွေဟာ သင်္ချိုင်းကို အမေ့ပစ်ခံဂေဟာ၊ အစွန့်ပစ်ခံကမ္ဘာ၊ စွန့်ပစ်တဲ့ကမ္ဘာအဖြစ် သဘောထားနေကြသလား။

အမေရိကန်နဲ့ ဥရောပက သင်္ချိုင်းတွေဟာ ပန်းခြံတွေအလား လှပစိမ်းစိုပြီး မြက်ခင်းပေါ်မှာ လှဲ့ပစ်ချင်စိတ်ပေါက်အောင် သာယာစိမ်းလန်းတဲ့နေရာတွေအဖြစ် ဖန်တီးထားပါတယ်။ နယူးယောက်မြို့တွင်းနဲ့ဘုရားကလင်ထဲမှာ လွန်ခဲ့တဲ့နှစ်(၄၀၀)ကတည်းက သင်္ချိုင်း(၁၀)ခုထက်မနည်းရှိပါတယ်။ သင်္ချိုင်းဘေးမှာပဲ မြို့ပြသစ်တွေက သင်္ချိုင်းတွေကိုရှောင်ပြီး တည်ဆောက်သွားကြပါတယ်။ ပြိုကျသွားတဲ့ WTC နားက ဘုရားကျောင်းထဲမှာ သင်္ချိုင်းဂူတွေ အခုအထိ မြင်တွေ့ရပါသေးတယ်။ မြန်မာပြည် ရန်ကုန်မြို့က ထောက်ကြံ့အင်္ဂလိပ်သင်္ချိုင်းဟာ ရန်ကုန်မြို့သားတွေ ဓာတ်ပုံအလှရိုက်ကြတဲ့နေရာ တစ်ခုဖြစ်နေတာကိုထောက်ပြချင်ပါတယ်။ ၁၉၄၄ ဇွန်(၆)ရက်က နော်မန်ဒီကမ်းခြေတိုက်ပွဲမှာ ကျဆုံးခဲ့တဲ့ အမေရိကန်၊ ကနေဒါ၊ အင်္ဂလိပ်စစ်သားတွေရဲ့ဂူသင်္ချိုင်းကို အဲဒီကမ်းခြေမှာ စစ်သင်္ချိုင်းအဖြစ် ယနေ့ထိ ထားရှိထားသလို ရန်ကုန် ထောက်ကြံ့သင်္ချိုင်းဟာ မြန်မာပြည်စစ်ပွဲမှာကျဆုံးခဲ့တဲ့ အင်္ဂလိပ်စစ်သားတွေရဲ့သင်္ချိုင်းပါ။

## သခင်နုတို့အုတ်ဂူနဲ့ ကြံ့တောသင်္ချိုင်းမှရတဲ့သင်ခန်းစာ

- ဒီနေ့ မြန်မာပြည်ဟာ နှစ်ခြမ်း၊ သုံးခြမ်း၊ လေးခြမ်း ဟက်တက်ကွဲနေတဲ့ ကျဆုံးနိုင်ငံတော် ဖြစ်နေပါပြီ။ အာဏာရတဲ့သူတွေကလည်း အာဏာမရခင်ကတစ်မျိုး၊ အာဏာရပြီးတစ်မျိုး လုပ်လာကြပါတယ်။ အာဏာရလာတဲ့အခါကျတော့ သူတို့အာဏာမရခင်က သူတို့အပေါ် အာဏာရှင်အစိုးရတွေလုပ်ခဲ့တဲ့အတိုင်း အာဏာမဲ့သူတွေအပေါ် ပြောဆိုဆက်ဆံလာနေပါပြီ။ ဒီမိုကရေစီကို သွားမလားပြောရင်း ပါတီတွင်း ဒီမိုကရေစီကို ဖျက်ဆီးဖယ်ရှားလာကြပါတယ်။ ဒီမိုကရေစီလို့အော်ဟစ်ရင်း ဆန့်ကျင်ဘက်အာဏာရှင်စနစ်ရဲ့ပုံသဏ္ဌာန်တွေ ကျင့်သုံးလာနေပါတယ်။

ဘာပဲဖြစ်ဖြစ် မကြာခင်တစ်နေ့ အနာဂတ်မှာ အသေချာဆုံးက လက်ရှိအာဏာရခေါင်းဆောင်တွေရော၊ အာဏာရပါတီအမတ်တွေ၊ ဝန်ကြီးတွေရော၊ တပ်မတော်ခေါင်းဆောင်တွေရော၊ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေရော ကွဲပြားသူအားလုံးဟာ သင်္ချိုင်းတစ်ခုထဲမှာပဲ သေချာပေါက်ဆုံတွေ့ကြပြီး အတူတူလဲလျောင်းအနားယူပြရမှာဟာ အလွန်သေချာပါတယ်။

ရန်ကုန်မြို့က သင်္ချိုင်း၊ နေပြည်တော်က သင်္ချိုင်း၊ မန္တလေးကသင်္ချိုင်း ဆိုတာပဲ အနည်းငယ်ကွဲပြားကြမှာပါ။ ကံဆုံရင်တော့ တစ်မြို့တည်းသင်္ချိုင်းတစ်ခုတည်းမှာ တစ်ရပ်ကွက်တည်းက ကုက္ကိုပင်တစ်ပင်အရိပ်အောက်မှာပဲ အတူတကွ လက်တစ်ကမ်းအကွာလောက်မှာပဲ အတူဆုံတွေ့လဲလျောင်းကြရမှာပါ။

ကျွန်တော်သည် အမျိုးသားညီညွတ်ရေးပြိုကွဲပျက်စီးနေသော မြန်မာပြည်နိုင်ငံရေးဇာတ်ခုံကို နာကြည်းစွာ လှမ်းကြည့်မိသည်။

အာဏာဆိုတာ ရေတစ်ပွက်မျှသာ ကြာပါလိမ့်မယ်။ အာဏာမရှိတဲ့ကာလဆိုတာက အရှည်လျားဆုံးလာမှာကို သတိသံဝေဂရစေချင်သည်။

ဆရာကျော်ဝင်းရေးခဲ့သော မန္တလေးထောင်တွင်းမှ ဦးနုအုတ်ရိုးအကြောင်း သတိရမိသည်။ အာဏာမရခင် အကျဉ်းသားဘဝ၊ ဒီအုတ်ရိုးဟာ ဒီနေရာမှာ နိမ့်နေတယ်။ ငါထွက်ပြေးရင် လွတ်လောက်တယ်လို့ တွေးမိခဲ့သော သခင်နုသည် ဝန်ကြီးချုပ်ဖြစ်လာသောအခါ မန္တလေးထောင်သို့ အလည်တစ်ခေါက်သွားရင်း သူအကျဉ်းသားဘဝက ထွက်ပြေးရန်ကြံစည်ခဲ့သော အုတ်ရိုးနိမ့်နေရာကို ထပ်မြှင့်ရန် အမိန့်ပေးခဲ့ဖူးကြောင်း ရေးထားသည်ကို သံဝေဂရမိသည်။

ယနေ့အာဏာရပါတီ၊ အာဏာရအစိုးရ အာဏာရပုဂ္ဂိုလ်များသည်လည်း ဦးနုအုတ်ရိုးအဖြစ်နှင့် ဆင်တူနေကြပြီလား တွေးမိသည်။ ဦးနုအုတ်ရိုးသင်ခန်းစာနှင့် ဦးနုတို့ အုတ်ဂူသင်ခန်းစာနှစ်ခုကိုသာ ယခုခေတ်အာဏာရသူများ သင်ခန်းစာယူနိုင်ပါလျှင် မြန်မာပြည်ကြီးအနာဂတ် မျှော်လင့်ချက်ရှိနိုင်ပါသေးသည်။

မိုးဟိန်း (သူရိယနေဝန်း)

**(သခင်နုတို့ ခေါင်းဆောင်ကြီးတွေ လဲလျောင်းခွင့်အဖယ်ရှားခံလိုက်ရသော ကြံ့တောသင်္ချိုင်းနေရာ၊ သခင်နုတို့ အုတ်ဂူနေရာများတွင် ခရိုနီကြီးများက သင်္ချိုင်းအပိုင်ဝယ်၍ ဈေးဝယ်စင်တာများ၊ ကွန်ဒိုများဆောက်ခဲ့ကြ၏။ သူတို့ဆောက်သော ကွန်ဒိုနှင့်စင်တာများအောက်တွင် သူရဲကောင်းတို့ အရိုးပုံများ သေချာပေါက်ရှိနေလိမ့်ဦးမည်။)**

**(၁၉၈၈ နောက်ပိုင်း နဝတအစိုးရများလွှင်းစွာ ဖျက်ဆီးဖယ်ရှားခဲ့သော ကြံ့တောသင်္ချိုင်းမှ သခင်နုတို့ကဲ့သို့ လွတ်လပ်ရေးခေါင်းဆောင်များ၊ ရဲဘော်သုံးကျိပ်များ၊ နိုင်ငံအတွက် ပေးဆပ်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများ၏ တစ်စစီကွဲပြားရောက်ရှိသွားကြသော အုတ်ဂူများကို ရန်ကုန်မြို့ရှိတစ်နေရာထဲတွင် လွတ်လပ်ရေးသူရဲကောင်းများ ဂူသင်္ချိုင်းအဖြစ် ပြန်လည်ရွှေ့ပြောင်းတည်ဆောက်ပေးပါရန် လက်ရှိအာဏာရအစိုးရအား ဤဆောင်းပါးဖြင့် တောင်းဆိုအပ်ပါသည်။)**

www.free4readers.com

# မြန်မာတစ်ပြည်လုံး စီးပွားရေး အလွန်ကျပ်တည်းနေပါပြီ

ဒေါက်တာသက်သက်ခိုင်နှင့် ဦးကျော်ဇေယျတို့ကို အပြစ်ပေးမှုခြင်းကို မသင့်လျော်ဘူးဟုယူဆလျှင် အယူခံဝင်နိုင်ကြောင်း ဒေါက်တာမျိုးညွန့် ဆို

မူးယစ်ဆေးဝါးဖမ်းဆီးရန် သတင်းပေးသူ တစ်ဦးလျှင် သိန်း (၁၃၀) ကျပ်ခန့်ချီးမြှင့်ရန် တွက်ချက်ထားဟု သမ္မတရုံးပြောခွင့်ရပုဂ္ဂိုလ် ဦးဇော်ဌေးပြော

၂၀၂၀ ရွေးကောက်ပွဲကာလတွင် NLD ပြန်လည်အနိုင်ရရှိပါက တိုင်းပြည်အန္တရာယ်မှာ အလွန်ကြောက်စရာကောင်းကြောင်း ဒေါက်တာဒေါ်သက်သက်ခိုင် ပြောဆို







အမေရိကန်နိုင်ငံက တရုတ်နိုင်ငံအား ပေးဆပ်ရမည့်ကြွေးမြီ ဒေါ်လာ (၁.၁ဂရေ) ထရီလီယံ အထိ ရှိလာ

မြန်မာနိုင်ငံက ကိုယ်ပိုင်ဂြိုဟ်တုလွှင့်တင်ရန် စီစဉ်

၂၀၂၀ ရွေးကောက်ပွဲတွင် ပါတီကိုမကြည့်ဘဲ လူကိုကြည့်ပြီး မဲပေးသင့်ဟု ဒေါက်တာဒေါ်ညိုညိုသင်း တိုက်တွန်း







ပါတီတာဝန်မရှိတော့ ပြည်သူ့တာဝန် ပိုပြီး ထမ်းဆောင်ချိန်ပိုရတာပေါ့ဟု ရန်ကုန်တိုင်း လွှတ်တော်အမတ် ဦးကျော်ဇေယျ ပြော

ပုဂ္ဂလိက စက်သုံးဆီရောင်းချသည့် သက်တမ်း တစ်လျှောက် အမြင့်ဆုံးဈေးဖြစ်လာ

မက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုထူထောင်ရန် တစ်ပါတီထဲကို မဲပေးခိုင်းခြင်းမှာ လွဲသည့်အယူအဆဖြစ်ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) မှ အတွင်းရေးမှူး ဦးစိုင်းညွန့်လွင် ဆို







ဂိုက်တာသတင်းထောက်နှစ်ဦး ထောင် (၇) နှစ်ချမှတ်ခံရမှုနှင့် ပတ်သက်၍ အင်္ဂလန်သံအမတ်ကြီး Dan Chugg မှ တရားဥပဒေစိုးမိုးရေး ပြင်းထန်စွာယိုယွင်းစေဟု ဝေဖန်ပြစ်တင်

သတင်းမှန်သိခွင့်ရရေး အစိုးရက မပိတ်ပင်ရန် ရန်ကုန်၌ ဆန္ဒပြတောင်းဆို

ရုရှားလူမှုကွန်ရက်ဗီကေတွင် နှစ်ရက်အတွင်း မြန်မာနိုင်ငံသားလေးသောင်းကျော်အသုံးပြုခဲ့







www.free4readers.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.214 WEEKLY NEWS JOURNAL 8th September 2018

## သခင်နုအုတ်ဂူသင်ခန်းစာ

မိုးဟိန်း (သူရိယနေဝန်း)




တိုက်ပွဲတွင်ကျဆုံးသွားသော သူရဲကောင်းစစ်သည်၏အုတ်ဂူသို့ လာရောက်အလေးပြုနေသော ကျန်ရစ်သူ သူ၏သားငယ်၊

## သူရဲကောင်းတို့၏ပျောက်ဆုံးမြေ [illegible]

www.free4readers.com

# Our Country Is Doomed ငါတို့

တောင်သမန်အင်းကောင်း







## ဖေ့စ်ဘွတ်ခ် ဗုတ်ဝင်နေတဲ့ မြန်မာပြည် မြန်မာပြည် ပျောက်ကွယ်သွားတော့မလား

The Country Is Doomed (တိုင်းပြည်ပျက်နေပြီ)ဆိုတဲ့စကားကို ပြောခဲ့သူကတော့ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပါတယ်။ ၁၉၄၇မှာ ဗိုလ်ချုပ်က သခင်နုကို ရွေးကောက်ပွဲမဝင်လို့ စိတ်ဆိုးပြီး အော်ပြောခဲ့တဲ့စကားပါ။

မြန်မာနိုင်ငံ ကွယ်ပျောက်သွားနိုင်တယ်လို့ သမိုင်းစာတမ်းတစ်စောင်တင်ပြခဲ့တဲ့ ဒေါက်တာသန့်မြင့်ဦးရဲ့ဆောင်းပါးဟာ အလကားလျှောက်ရေးနေတာလို့ မြန်မာတွေ ထင်နေကြပုံရတယ်။

သူ့ဆောင်းပါးကို နှစ်ခါသုံးခါ ပြန်ဖတ်ကြည့်ရင် ပိုသဘောပေါက်လာလိမ့်မယ်။ ဒီကနေ့ မြန်မာပြည်ရဲ့ နိုင်ငံရေးအနေအထား၊ စီးပွားရေးကျပ်တည်းလာမှုနဲ့ ကျဆင်းလာမှု၊ ငြိမ်းချမ်းရေးလုပ်ရင်း ပိုမိုကြီးမားတဲ့ပြည်တွင်းစစ်မီးတောက်ထဲကို တိုးဝင်မှန်းမသိ တိုးဝင်နေရသူတွေဟာ မြန်မာပြည် မဝေးတဲ့အနာဂတ်မှာ ပျောက်ကွယ်သွားနိုင်မယ်လို့ ကျုပ်တော့ ပိုမိုလက်ခံလာတယ်။

လက်ရှိအစိုးရဟာ အမျိုးသားရင်ကြားစေ့ရေးကို အော်ဟစ်ကြွေးကြော်ရင်းနဲ့ စစ်တပ်နဲ့ပိုမိုတင်းမာတဲ့ အနေအထား ရောက်မှန်းမသိရောက်လာတယ်။ အစိုးရနဲ့ စစ်တပ်နှစ်ခုကြားတောင် ရင်ကြားစေ့ရေး မလုပ်နိုင်မှတော့ တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးဆိုတာ ရွှေပြည်တော် မျှော်တိုင်းဝေးပဲ။

ကျုပ်တို့ ငယ်ငယ်က လူထုနဲ့အစိုးရအကြား၊ လူထုနဲ့ လူထုအကြား ဆက်သွယ်ရေးဟာ ရေဒီယိုပဲ ရှိတယ်။ သတင်းစာဆိုတာရှိပေမယ့် လူထုအကြားထဲ ထဲထဲဝင်ဝင်မရောက်နိုင်ဘူး။ သတင်းစာတစ်စောင်ကို အခြေခံလူထုတိုင်းက တစ်အိမ်တစ်စောင် ဝယ်မဖတ်နိုင်ဘူး။ တစ်ရပ်ကွက်လုံးမှာမှ သတင်းစာနေ့စဉ်လပေးနဲ့ယူတတ်တဲ့ အိမ်ဆိုတာ တစ်အိမ်လောက်ပဲ ရှိတယ်။ တချို့ရွာတွေမှာဆို တစ်ရွာလုံး သတင်းစာတောင် မရောက်ဘူး။ သတင်းစာ ဖတ်ချင်ရင် မြို့ပေါ်တက် ဈေးထဲမှာသွားပြီး တကူးတကဝယ်မှ ဖတ်ကြရတာ။ ဒါကြောင့် ကျုပ်တို့ငယ်ငယ်ကနေ ရုပ်မြင်သံကြားပေါ်တဲ့ ၁၉၇၉ ခုနှစ်လောက်အထိ ရေဒီယိုပဲ နားထောင်ကြရတာ။ ည(၈)နာရီရေဒီယိုသတင်းက တစ်နေ့တာမှာ အရေးအကြီးဆုံးပဲ၊ BBC တို့ VOA တို့ ပီကင်းရေဒီယိုတို့ နားထောင်ကြရတယ်။ မနက်စောစောဆိုရင် ကျုပ်အဖိုး နားထောင်နေကျ ပီကင်းရေဒီယိုက လာနေကျ'နေဝင်း-စန်းယု အစိုးရ' ဆိုတာ နေ့တိုင်းကြားရင်း ကျုပ်လည်း လူလားမြောက်လာရတာပဲ။

ကျုပ်တို့ငယ်ငယ်က မဆလဦးနေဝင်းခေတ်မှာ မြန်မာတစ်ပြည်လုံးမှာ လူသုံးကုန်ပစ္စည်း အလွန်ရှားပါးတယ်။ တစ်ပြည်လုံး သကြားပြတ်သွားတာ မကြာခဏပဲ၊ ဥရောပမှာတော့ သကြားနဲ့ပေါင်မုန့်ပြတ်သွားရင် တော်လှန်ရေး ဖြစ်ခဲ့တာရှိတယ်။ ပြင်သစ်တော်လှန်ရေးနဲ့ ရုရှ ၁၉၁၇တော်လှန်ရေးတွေပဲ။ မြန်မာပြည်ကတော့ သကြားပြတ်လည်း ကိစ္စမရှိ၊ နို့ဆီပြတ်လည်း ဘာမှမဖြစ်ပါဘူး။ ကျုပ်အဖိုးက ကော်ဖီ၊ လက်ဖက်ရည်သောက်တဲ့အတွက် ကော်ဖီကို သကြားနေရာမှာ ထန်းလျက်ခဲနဲ့ကြဲသကာ အစားထိုးပြီး သောက်တယ်။ မဆလခေတ်မှာ ဘူးနို့ဆီ အရမ်းရှားလို့ သာစည်ဘက်ကလာတဲ့ ချက်နို့ဆီပုံးကြီးတွေခေတ် ပေါ်လာတယ်။ ချက်နို့ဆီနဲ့ဖျော်တဲ့ လက်ဖက်ရည်မသောက်ဖူးဘဲ ဘယ်သူမှ မြန်မာပြည်မှာ လူမဖြစ်လာခဲ့ကြပါဘူး။

အဲ. . ဒီကနေ့ ချက်နို့ဆီနဲ့လက်ဖက်ရည်သောက်လာတဲ့လူတွေက မြန်မာ့အသံက ည(၈)နာရီသတင်းနားထောင်ပြီး နိုင်ငံရေးသမားတို့၊ စာရေးဆရာတို့၊ ပညာရှင်တို့ ဖြစ်လာတဲ့သူတွေက ဖေ့စ်ဘွတ်ခ်မရှိရင် အသက်ထွက်တော့မတတ် ဖြစ်လာကြပြီခင်ဗျ။

ကျုပ်တို့ မြန်မာပြည်မှာ ဦးသိန်းစိန် သမ္မတဖြစ်လာတဲ့ ၂၀၁၂ကျမှ လက်ကိုင်ဖုန်းခေတ်ရောက်လာတာပါ။ မြန်မာပြည်သားတွေ လက်ကိုင်ဖုန်း၊ စမတ်ဖုန်းကိုင်ခဲ့တာ အခု ၂၀၁၈ကကြည့်ရင် ခြောက်နှစ်ပဲရှိသေးတယ်ခင်ဗျ။

၂၀၁၂မတိုင်ခင်က လက်ကိုင်ဖုန်းကိုင်နိုင်ဖို့ဆိုတာ အိပ်မက်ထဲတောင် မမက်ဖူးကြတဲ့ ကျုပ်တို့မြန်မာတွေက အခုတော့ လက်ကိုင်ဖုန်းထဲက ဖေ့စ်ဘွတ်ခ်ထဲက ငွေညှစ်တတ်နေပြီ၊ ငွေလိမ်တတ်နေပြီ၊ အဲဒါတွေအားလုံးက ဖေ့စ်ဘွတ်ခ်ကဆင်းသက်လာတဲ့ မျက်မှောက်ခေတ် ယဉ်ကျေးမှုအသစ်ပါ။

အခုဖေ့စ်ဘွတ်ခ်ထဲဝင်လိုက်ရင် ၂၁ရာစုမြန်မာနိုင်ငံတော်အသစ်ထဲကို တစ်စက္ကန့်ထဲနဲ့ ရောက်သွားပြီး ကြည့်လို့ရနေပြီခင်ဗျ။

သတင်းစာ မလိုတော့ဘူး၊ ပြန်ကြားရေးဝန်ကြီးဌာန မလိုတော့ဘူး၊ ရဲစခန်းမလိုတော့ဘူး၊ မီးသတ်တပ်ဖွဲ့ မလိုတော့ဘူး၊ တရားရုံးမလိုတော့ဘူး၊ အကျိုးတော်ပွဲစားတွေဆိုတာလည်း မလိုတော့ဘူး၊ တဖြည်းဖြည်းနဲ့ အစိုးရတို့ တပ်မတော်တို့ဆိုတာတောင် မြန်မာပြည်သားတွေအတွက် လိုချင်မှ လိုတော့မယ်လို့ ထင်လာနေကြပြီခင်ဗျ။

ဈေးထဲက ဈေးသည်၊ ဆိုင်ကယ်တက္ကစီသမားကအစ၊ ကျောင်းသား၊ ကျောင်းသူ၊ ရုံးသူ ရုံးသားအလယ်၊ အမတ်မင်းဝန်ကြီးတွေအထိ မနက်မိုးလင်းတာနဲ့ ဖေ့စ်ဘွတ်ခ်ဖွင့်လိုက်ကြပြီး တစ်နေ့တာခရီးကိုဖေ့စ်ဘွတ်ခ်နဲ့ပဲ ခရီးသွားကြတော့တယ်။ မြန်မာပြည်နိုင်ငံရေးစနစ်ကြီးတစ်ခုလုံးနဲ့ နိုင်ငံရေးလောကကြီးတစ်ခုလုံးကလည်း ဖေ့စ်ဘွတ်ခ်ထဲက နိုင်ငံရေးဆိုတာပဲ ရှိပါတယ်။

ခေါင်းရွက်ဗျပ်ထိုးဈေးသည်လည်း ဖေ့စ်ဘွတ်ခ်ထဲမှာပဲ နေတယ်။ အမတ်တွေ ဝန်ကြီးတွေလည်း ဖေ့စ်ဘွတ်ခ်ထဲကပဲ ပြည်သူနဲ့အတူ ဆင်းရဲပြနေကြတယ်။ ဖေ့စ်ဘွတ်ခ်ထဲမှာ ရေကြီးဒေသဆင်းပြီး ကယ်ဆယ်ရေးလုပ်ပြ၊ ဓာတ်ပုံတင်ကြနဲ့ ဖေ့စ်ဘွတ်ခ်အမတ်၊ ဖေ့စ်ဘွတ်ခ်အစိုးရလုပ်ကြရတယ်။ လူဆိုးလူမိုက် လူလိမ်လူယုတ်မာတွေလည်း ဖေ့စ်ဘွတ်ခ်ထဲကပဲ ဓားပြတိုက်ဖို့၊ လူသတ်ဖို့ သတင်းအချက်အလက် ရှာကြတယ်။ ဖေ့စ်ဘွတ်ခ်သုံးစွဲတဲ့ မြန်မာပြည်သားလူဦးရေဟာ ဖေ့စ်ဘွတ်ခ်ကွန်ရက်မှာ အများဆုံးဖြစ်လာတဲ့အတွက် တစ်နေ့ကပဲ မက်ဇူကာဘတ်က မြန်မာပြည်အတွက် အနီရောင်အကောင့်အသစ်ဆိုတာတောင် အထူးဖွင့်လှစ်လိုက်ရသတဲ့။

ရွာထဲက စာမတတ်တဲ့ဒေါ်စပ်စုတောင် အနန္တောအနန္တငါးပါးကိုတောင် အလွတ်မရချင်ပေမယ့် မက်ဇူကာဘတ်အကြောင်းကိုတော့ အားလုံးအလွတ်ရနေတယ်။ သေသွားတဲ့အဖိုးရဲ့အဖေ၊ အဖွားရဲ့အမေ နာမည်ကို တော်တော်များများမသိကြပေမယ့် မက်ဇူကာဘတ်ရဲ့မိသားစုစာရင်းတော့ အကုန်သိတယ်။

## ဂျော့ဆိုးရို့စ်တော့ ဖေ့ဘွတ်ခ်ရှယ်ယာဝယ်လိုက်ပြီ

ဒီလိုနဲ့ မြန်မာပြည်ဟာ ဖေ့စ်ဘွတ်ခ်က အပင်းသွင်းထားတဲ့ ဖုတ်ဝင်တဲ့နိုင်ငံတစ်ခုဖြစ်မှန်းမသိ ဖြစ်လာပါပြီ။ မြန်မာပြည်မှာ ဆန်ပြတ်သွားရင် ဘာလုပ်မလဲ၊ ယိုးဒယားနယ်စပ်ဖြတ်ပြီး ယိုးဒယားက ဆန်ပြန်သွင်းပြီး စားကြမယ်တဲ့။ ဆီဈေးတက်လို့ ကားတွေ မထွက်နိုင်ရင် တရုတ်ဆိုင်ကယ်၊ တရုတ်စက်ဘီးသွင်းစီးလို့ရသတဲ့။ ဆီပြတ်သွားရင် တရုတ်ကလာတဲ့ မြေပဲဆီ၊ ဝက်ဆီဖတ်တွေကဆီ စားလို့ရသတဲ့။ လျှပ်စစ်မီးပြတ်သွားရင် ဖယောင်းတိုင်နဲ့ မီးခွက်နဲ့ပြန်နေလို့ရသတဲ့။ အဲ ဖေ့စ်ဘွတ်ခ်မရှိတော့ရင်တော့ ဒေါ်စပ်စုလည်း ရင်ကွဲပြီး သေတော့မှာ။ လူမိုက်ကြီးငထွားလည်း ကိုယ့်ကိုယ်ကိုယ်သတ်သေမတဲ့။ အချစ်ရူးထနေတဲ့ ဆယ်ကျော်သက်တွေလည်း ရေထဲခုန်ချပြီး သေမတဲ့။ ဖေ့စ်ဘွတ်ခ်နဲ့ နိုင်ငံရေးလုပ်နေတဲ့ နိုင်ငံရေးသမားတွေ၊ မီဒီယာတွေ၊ အမတ်တွေ၊ ဝန်ကြီးတွေလည်း နိုင်ငံရေးသေပြီတဲ့။ ဖေ့စ်ဘွတ်ခ်မရှိဘဲ ဒီအမတ်တွေ မဲမဆွယ်တတ်ကြတော့ဘူးတဲ့၊ ဖေ့စ်ဘွတ်ခ်မသုံးဘဲ လူထုကို မစည်းရုံးမဟောပြောတတ်ကြတော့ဘူးတဲ့၊ ဖေ့စ်ဘွတ်ခ်မရှိရင် အစိုးရလည်း ဝါဒမဖြန့်တတ်တော့ဘူးတဲ့။

အဲဒီလို မြန်မာပြည်သား သန်း(၅၀)စလုံး ဖေ့စ်ဘွတ်ခ်မရှိရင် တစ်ရက်တောင် အသက်မရှင်နိုင်တော့ဘူးဆိုတာ မက်ဇူကာဘတ်က သိလာတယ်။

ပိုဆိုးတာက ကမ္ဘာကြီးပေါ်က မြန်မာပြည်မြေပုံကိုဖျောက်ဖို့ ကြိုးပမ်းနေတဲ့ ဂျော့ဆိုးရို့စ်က ဖေ့စ်ဘွတ်ခ်ဆေးစွမ်းကိုသိတဲ့အတွက် မကြာခင်ကပဲဖေ့စ်ဘွတ်ခ်ရဲ့ရှယ်ယာ ၂၀ ရာခိုင်နှုန်းကို ဝယ်လိုက်သတဲ့။

ဖေ့စ်ဘွတ်ခ်ကုမ္ပဏီဟာ ပြီးခဲ့တဲ့ ၂၀၁၆ခုနှစ်အမေရိကန်ရွေးကောက်ပွဲမှာ ရုရှနိုင်ငံက ဝင်ရောက်စွက်ဖက်နိုင်အောင် ဖေ့စ်ဘွတ်ခ်ဆီက အချက်အလက်တွေရယူခဲ့တဲ့အတွက်ဆိုတဲ့စွပ်စွဲမှုကြောင့် မက်ဇူကာဘတ်ကို အမေရိကန်အောက်လွှတ်တော်တရားစီရင်ရေးကော်မတီမှာ ခေါ်ယူစစ်ဆေးခံခဲ့ရတဲ့အတွက် ဖေ့စ်ဘွတ်ခ်ရဲ့ရှယ်ယာဟာ အလွန်အမင်းထိုးကျသွားခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ သူတို့ဖေ့စ်ဘွတ်ခ်ကုမ္ပဏီရဲ့အနာဂတ် ဆက်လက်ရှင်သန်နိုင်ရေးအတွက်ဆိုပြီး ကြိုးပမ်းလာခဲ့တဲ့နည်းလမ်းအသွယ်သွယ်ထဲမှာ မြန်မာပြည်က အနည်းဆုံးပြောဆိုနေတဲ့ခေါင်းစဉ်အောက်မှာ အတော်များများရောက်သွားပြီး အခုနောက်ဆုံးကတော့ ဂျော့ဆိုးရို့စ်တန်ခိုးနဲ့ မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ဖေ့စ်ဘွတ်ခ်အကောင့်အပါအဝင် မြန်မာ့တပ်မတော်ရဲ့အကောင့်တွေကို ဖေ့စ်ဘွတ်ခ်က ထာဝရပိတ်သိမ်းလိုက်တော့တာပါပဲ။

ဒါပေမယ့် မြန်မာပြည် တပ်မတော်ဦးစီးချုပ်ရဲ့အကောင့်ရော တပ်မတော်အကောင့်တွေကိုပါ ပြတ်ပြတ်သားသားနဲ့ပိတ်သိမ်းလိုက်တဲ့အတွက် မြန်မာပြည်အတွက်ကတော့ တော်တော်လေး ဂယက်ရိုက်သွားပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပြည်သူ၊ မီဒီယာ၊ အတိုက်အခံ၊ တိုင်းရင်းသားလူမျိုးများဆိုတာက အချုပ်အခြာအာဏာရဲ့ အဓိကဒေါက်တိုင်တွေဖြစ်တာတော့ ငြင်းလို့မရပါဘူး။ အချုပ်အခြာအာဏာပိုင်မြန်မာပြည်ထဲက နိုင်ငံကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍကို အဓိကထမ်းဆောင်နေတဲ့ တပ်မတော်ဆိုတဲ့ စစ်တပ်၊ကာ/ချုပ်နဲ့ စစ်တပ်အကောင့်တွေကို ပိတ်လိုက်တာဟာ မြန်မာပြည်တွင်းရေးကို ဝင်ကိုင်လှုပ်လိုက်တာလို့တော့ မြင်ပါတယ်။

## ဖေ့စ်ဘွတ်ခ်ကဝခဲ့တဲ့ တော်လှန်ရေးနဲ့အုံကြွမှုများ

၂၀၁၈ခုနှစ် ဖေဖော်ဝါရီမှာ တောင်အမေရိကတိုက် ကိုလံဘီယာနိုင်ငံမှာ One Million Voice Against FARC ခေါ်တဲ့ လူထုစုဝေးချီတက်ဆန္ဒပြပွဲကို ဖေ့စ်ဘွတ်ခ်ကနေ လှုံ့ဆော်စည်းရုံးခဲ့တာဖြစ်ပါတယ်။

၂၀၁၁ အီဂျစ်တော်လှန်ရေးခေါ်တဲ့ အာရပ်နွေဦးဖြစ်လာဖို့အတွက် အဓိကဇာတ်ကောင်ဟာ ဖေ့စ်ဘွတ်ခ်ကပဲ ဖြစ်ပါတယ်။

တူနီးရှားနဲ့ အီဂျစ် စတဲ့ အာရပ်နွေဦးတော်လှန်ရေးတွေဟာ ဖေ့စ်ဘွတ်ခ်ကနေလှုံ့ဆော်ခဲ့တဲ့ဖြစ်စဉ်တွေလို့ယူဆတဲ့အတွက် အီဂျစ်ဝန်ကြီးချုပ် Nazit ဟာ ဖေ့စ်ဘွတ်ခ်၊ Twitter နဲ့ အခြားလူမှုကွန်ရက်တွေကို ပိတ်ပစ်လိုက်ပါတယ်။ အင်တာနက်အားလုံးနဲ့ လက်ကိုင်ဖုန်းတွေကို အီဂျစ်တစ်ပြည်လုံးမှာ ၂၀၁၁ခုနှစ် ဇန်နဝါရီ (၂၈) ညဉ့်သန်းခေါင်ယံမှစပြီး ပိတ်ပစ်လိုက်ပါတော့တယ်။ အဲဒီလိုလုပ်ပြီး (၁၈)ရက်အကြာမှာ အီဂျစ်ပြည်တစ်ပြည်လုံးမှာ လူထုအုံကြွမှုကြီးပေါ် ပေါက်လာပြီးအီဂျစ်သမ္မတ မူဘာရက် ပြုတ်ကျသွားပါတော့တယ်။

အာရေဗျကျွန်းဆွယ်မှာတည်ရှိတဲ့ ဘာရိန်းနိုင်ငံမှာတော့ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ(၁၄)ရက်မှာ လူထုဆန္ဒပြပွဲတွေ ဖြစ်လာခဲ့ပါတယ်။

ဖြစ်ပုံကတော့ အသက်(၂၀)နှစ်သာရှိသေးတဲ့ Ayat. Al Qurmezi ဆိုတဲ့ အမျိုးသမီးငယ်လေးက သူ့ရဲ့ဖေ့စ်ဘွတ်ခ်အကောင့်ကိုအသုံးပြုပြီး ဆန္ဒပြပွဲထဲပါဝင်ကြဖို့ လှုံ့ဆော်ရာကနေစပြီး လူထုအုံကြွမှုကြီးဖြစ်ပေါ်လာ

# နိုင်ငံ ပျက်ပြီလား




ခဲ့ခြင်းပါပဲ။ ဘာရိန်းမှာတော့ လူထုအုံကြွမှုဟာ ကျဆုံးခဲ့ပြီး သူမကို ထောင်သွင်းအကျဉ်းချခဲ့ပါတယ်။

အခုထိ မပြီးဆုံးသေးတဲ့ ဆီးရီးယားပြည်တွင်းစစ်ဟာလည်းဖေ့စ်ဘွတ်ခ်နဲ့ပတ်သက်နေပါတယ်။ YPG လို့ခေါ်တဲ့ Ubertarian Army for Rojava တပ်ဖွဲ့မှာဖေ့စ်ဘွတ်ခ်ကိုအသုံးပြုပြီး စစ်သားစုဆောင်းပြီး စစ်တပ်ထောင်ခဲ့တာ အစွန်းရောက်အစ္စလာမ္မစ်တွေ ISIL ကို ဆန့်ကျင်တော်လှန်ခဲ့တာဖြစ်ပါတယ်။

ဖေ့စ်ဘွတ်ခ်က အာရပ်ကမ္ဘာက တော်လှန်ရေးတွေဖြစ်လာဖို့အဓိကလက်သည်ဖြစ်သည်သာမက အမေရိကန်နိုင်ငံမှာလည်း ဖေ့စ်ဘွတ်ခ်ဟာ အလွန်အစွမ်းထက်ပါတယ်။ ၂၀၁၆ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ရုရှတွေဟာ ဖေ့စ်ဘွတ်ခ်ကရတဲ့အချက်အလက်တွေနဲ့ ဖေ့စ်ဘွတ်ခ်ကိုအသုံးပြုပြီး ဒီမိုကရက်တစ်ပါတီသမ္မတလောင်းဟီလာရီကလင်တန်ကိုရှုံးနိမ့်သွားပြီး ထရန့် အနိုင်ရအောင် လုပ်ပေးခဲ့တယ်လို့စွပ်စွဲထားပါတယ်။ အခုထိ အဲဒီအမှုဟာ မပြီးဆုံးသေးပါဘူး။

ရုရှကုမ္ပဏီတစ်ခုက ဒေါ်လာတစ်သိန်းဖိုး ဖေ့စ်ဘွတ်ခ်ကုမ္ပဏီကအချက်အလက်တွေဝယ်ယူခဲ့ပါတယ်။ Anti-Immigrant အမေရိကန်ကိုဝင်ရောက်အခြေချသူတွေကိုဆန့်ကျင်တဲ့အုပ်စုကနေလူပေါင်း(၂၂၅၀၀၀)ကနေ ဖေ့စ်ဘွတ်ခ်ကိုအသုံးပြုပြီး သမ္မတလောင်းဟီလာရီကလင်တန်ရှုံးနိမ့်သွားအောင် လှုံ့ဆော်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။ အမေရိကန်ပြည်မှာရှိတဲ့ Pro-Public အစီရင်ခံစာတစ်ခုမှာတော့ဖေ့စ်ဘွတ်ခ်ကို အသုံးပြုပြီး Jew Haters ဂျူးမုန်းတီးသူများအဖွဲ့ဆိုတာဖွဲ့ထားတာတွေ့ရှိရတယ်လို့ဆိုပါတယ်။ ဖေ့စ်ဘွတ်ခ်ပေါ်ကနေ How to burn Jews ဂျူးတွေကို ဘယ်လိုမီးရှို့သုတ်သင်ကြမလဲဆိုတဲ့ ခေါင်းစဉ်မျိုးတွေ၊ History of why Jews ruin the world ကမ္ဘာကြီးကို ဂျူးတွေကဘယ်လိုဖျက်ဆီးပြိုလဲအောင်လုပ်နေသလဲဆိုတာတွေမျိုးပါ။ ဖေ့စ်ဘွတ်ခ်ကိုအသုံးပြုပြီး ဂျူးဆန့်ကျင်ရေးတွေလုပ်လာတာတွေ့ရပါတယ်။ မြန်မာပြည်ရင်ဆိုင်ကြုံတွေ့နေရတဲ့ ရခိုင်က ခိုးဝင်ဘင်္ဂါလီပြဿနာဟာလည်း ဖေ့စ်ဘွတ်ခ်အပါအဝင် မီဒီယာကိုအသုံးချပြီး တိုက်ကွက်ဖော်ခဲ့ကြခြင်းပါပဲ။

## Bans and Censorship

ကမ္ဘာပေါ်မှာရှိတဲ့ အချို့နိုင်ငံတွေကတော့ ဖေ့စ်ဘွတ်ခ်အပါအဝင် လူမှုကွန်ရက်တွေကို ယာယီပိတ်ပင်တာတို့ အမြဲတမ်းပိတ်ပင်တာတို့ ပြုလုပ်ကြပါတယ်။ တရုတ်ပြည်၊ အီရန်၊ ဆီးရီးယား၊ မြောက်ကိုရီးယား စတဲ့နိုင်ငံတွေမှာပါ။ ၂၀၁၈ခုနှစ်မှာ ပါပူဝါနယူးဂီနီနိုင်ငံကတော့ နိုင်ငံတည်ငြိမ်မှုပျက်ပြားလာတဲ့အတွက်ဖေ့စ်ဘွတ်ခ်ကို တစ်လပိတ်ပင်ခဲ့ဖူးပါတယ်။

xxx

## အိမ်နီးချင်းတရုတ်ပြည်တွင်အသုံးပြုနေသော ဖေ့စ်ဘွတ်ခ်ကွန်ရက်ဧယား

တရုတ်ပြည်မှာတော့ သူတို့ပြည်တွင်းက ထုတ်လုပ်တီထွင်ထားတဲ့ Sina Weibo မှာ (၅၄)သန်း၊ Renren မှာ (၅၄)သန်း၊ Tencent Weibo မှာ သန်း(၂၂၀)၊ Qzone မှာ (၃၂၉)သန်း၊ Weixin (We chat) မှာ (၂၃၆)သန်း အသုံးပြုနေပါတယ်။ အဲဒီလူမှုကွန်ရက် ငါးခုကနေ တွစ်တာ Twitter ကို (၂၁၈)သန်း၊ ဖေ့စ်ဘွတ်ခ်ကို (၁. ၁)ဘီလီယံနဲ့ WhatsApp ကို သန်း(၃၀၀) တစ်ဆင့်ဝင်ရောက်အသုံးပြုတာ တွေ့ရပါတယ်။

ခြုံပြောရရင် ကမ္ဘာပေါ်မှာ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို စတဲ့မြောက်အမေရိကတိုက်နဲ့ ဘရာဇီးလ် စတဲ့ တောင်အမေရိကနိုင်ငံတွေက ဖေ့စ်ဘွတ်ခ်၊ ဥရောပ၊ အာဖရိကမြောက်ပိုင်းနဲ့ အရှေ့ပိုင်း အာရပ်ကမ္ဘာ၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ မလေး၊ ဂျပန်၊ ဩစတြေးလျ၊ အင်ဒိုနီးရှားတို့က ဖေ့စ်ဘွတ်ခ်၊ ရုရှနိုင်ငံက VK၊ တရုတ်ပြည်မှာ Qzone စတဲ့ လူမှုကွန်ရက်တွေ သုံးနေကြပါတယ်၊ အိန္ဒိယပြည်မှာလည်းဖေ့စ်ဘွတ်ခ်အပြင် WhatsApp ဆိုတဲ့ လူမှုကွန်ရက်လည်း အသုံးများပါတယ်။

ဒါကြောင့် ကျွန်တော်တို့မြန်မာပြည် ဒီကနေ့ အများဆုံးနှစ်သက်သုံးစွဲနေတဲ့ ဖေ့စ်ဘွတ်ခ်ဟာ ကမ္ဘာမှာ သုံးစွဲသူ (၂. ၂)ဘီလီယံရှိတဲ့ အကြီးဆုံး လူမှုကွန်ရက်ဖြစ်ပါတယ်။ သို့သော် ဖေ့စ်ဘွတ်ခ်အပြင် အခြားလူမှုကွန်ရက်တွေလည်း ကမ္ဘာပေါ်မှာ ရှိပါသေးတယ်။

## ဖေ့စ်ဘွတ်ခ်မရှိရင် သေသွားမယ့် တိုင်းပြည်

ကျုပ်တို့မြန်မာပြည်မှာတော့ ဖေ့စ်ဘွတ်ခ်ဟာ မရှိမဖြစ်တန်ခိုးရှင်သဖွယ်ဖြစ်လာခဲ့ပါပြီ။ ဖေ့စ်ဘွတ်ခ်မရှိရင် ဈေးမရောင်းတတ်ကြတော့ပါ။ အိမ်၊ ခြံမြေအရောင်းအဝယ် မလုပ်တတ်ကြတော့ပါ။ နိုင်ငံရေးသမားတွေနဲ့နိုင်ငံရေးပါတီတွေလည်း ဖေ့စ်ဘွတ်ခ်မရှိရင် မဲမဆွယ်တတ်၊ လူထုကို မစည်းရုံးတတ်၊ ဝါဒမဖြန့်တတ်ကြတော့ပါ။ တခြားဘာမှမရှိရင်မြန်မာပြည်မှာဖြစ်နိုင်ပေမယ့် ဖေ့စ်ဘွတ်ခ်မရှိရင်တော့ မြန်မာတစ်ပြည်လုံး သေဆုံးပြိုလဲသွားတော့မယ့် အခြေအနေပါ။ ဒီကနေ့ ဖေ့စ်ဘွတ်ခ်ပိတ်လိုက်ရင် ဒီကနေ့ မြန်မာပြည်မှာ လူထုအုံကြွမှုတွေ တော်လှန်ရေးတွေ ဖြစ်သွားနိုင်တဲ့အထိ ဖြစ်နေပါပြီ။ အနာဂတ်မြန်မာပြည်လည်း နိုင်ငံရေး၊ အာဏာ၊ စစ်ရေး၊ ငြိမ်းချမ်းရေး၊စီးပွားရေးအားလုံးသည်ဖေ့စ်ဘွတ်ခ်လက်ခုပ်ထဲကရေ၊ ဖေ့စ်ဘွတ်ခ်အပင်းသွင်းထားတဲ့ နိုင်ငံ၊ ဖေ့စ်ဘွတ်ခ် ဖုတ်ဝင်နေတဲ့နိုင်ငံတစ်ခု ဖြစ်လာနေပါတယ်။

တောင်သမန်အင်းငတင်း

# စီးပွားရေးအမြင်နဲ့ ထိုင်း ဗျူရိုကရက်အမြင်နဲ့ မြန်မာ

ဘိုဘိုကျော်ငြိမ်း

ထိုင်းတွေနဲ့ မြန်မာတွေ ကွာခြားမှုမှာ အမြင်ဆိုတာ သိပ်အရေးကြီးပါတယ်။

စီးပွားရေးအမြင်ရှိတဲ့သူက အရာရာကို စီးပွားရေး အမြင်နဲ့ကြည့်သလို နိုင်ငံရေးအမြင် ရှိတဲ့သူက အရာရာကို နိုင်ငံရေးအမြင်နဲ့ ကြည့်ကြသလို ဗျူရိုကရက်အမြင်နဲ့ကြည့်တဲ့သူက အရာရာကို ဗျူရိုကရက်အမြင်နဲ့ကြည့်တတ်ကြပါတယ်။ ကိုယ်သန်ရာသန်ရာကို ဆွဲကြည့်ကြတဲ့ သဘောပါပဲ။ ထိုင်းနိုင်ငံဟာ စစ်အစိုးရတွေ အကြိမ်ကြိမ် တက်အုပ်ချုပ်ကြပေမယ့် စီးပွားရေးကဏ္ဍကို စစ်ဗိုလ်တွေက ခွထိုင်ပြီးအုပ်ချုပ်ခဲ့ကြတာ မဟုတ်ပါ။

ထိုင်းစစ်တပ်ဟာ နိုင်ငံရေးအာဏာကို လွှမ်းမိုးထားပေမယ့် စီးပွားရေးကဏ္ဍကိုတော့ ထိုင်းအရပ်သားတွေကပဲ ပဲ့ကိုင်လမ်းညွှန်ထူထောင်သွားကြပါတယ်။

### ဘာကွာသွားကြသလဲ?

ဦးနေဝင်းလက်ထက်က စပြီး ဝန်ကြီးဌာနအားလုံးကို စစ်တပ်က လက်ဝါးကြီးအုပ် ကြီးစိုးလိုက်ကြတဲ့အတွက် စီးပွားရေးတစ်ခုလုံးဟာ စစ်တပ် လက်ထဲရောက်လာခဲ့ရတော့တယ်။ ဗိုလ်ချုပ်နေဝင်းက ချုပ်ကိုင်မှုလိုလားတဲ့အတွက် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ရွေးချယ်ခဲ့တယ်။ မြန်မာပြည်စီးပွားရေးစီမံကိန်းကို ရေးဆွဲဖျက်ဆီးသွားတာ ဆိုရှယ်နီဦးဘညိမ်ဖြစ်ပေမယ့် လက်တွေ့အကောင်အထည်ဖော်ရတာက စစ်ဗိုလ်ကြီးတွေသာ ဖြစ်ကြတယ်။ စစ်ဗိုလ်ဆိုတာ တစ်သွေးတစ်သံတစ်မိန့်နဲ့ အုပ်ချုပ်ပေမယ့် တကယ်တော့ စစ်ဗိုလ်ဆိုတာလည်း ဗျူရိုကရက်တွေပါပဲ။ အမိန့်အာဏာအတိုင်းလုပ်ကြသလို အာဏာကို အခြေခံပြီး စဉ်းစားကြတဲ့ အတွေးအခေါ်တွေသာ ဖြစ်ကြပါတယ်။ ထို့ပြင် ဗျူရိုကရက်ဆိုတာ သူ့အထင်ကို လုပ်ပိုင်ခွင့်အာဏာကို အသုံးချပြီး စေခိုင်းတတ်တာကိုး။ ဒါကြောင့်လည်း စာရေးသူအထင် လာဘ်လည်း ယူသေးတယ်။ ရစ်လည်း ရစ်တာ ဗျူရိုကရက်တွေအထဲမှာ မြန်မာနိုင်ငံ တစ်နိုင်ငံပဲရှိမယ် ထင်ပါတယ်။ ရစ်တဲ့ ယဉ်ကျေးမှုဆိုတာ လာဘ်လည်း ယူသေးတယ်၊ အပေါ်စီးကလည်းနေသေးပြီး ဗိုလ်ကျတဲ့ယဉ်ကျေးမှုဟာ စစ်ဗျူရိုကရေစီကဆင်းသက်လာတဲ့ယဉ်ကျေးမှုသာဖြစ်ပါတယ်။

အာဏာနဲ့ ခိုင်းစားတတ်တဲ့ စစ်ဗိုလ်ကြီးတွေလက်ထဲစီးပွားရေးအာဏာပါရောက်သွားတဲ့အခါ လာဘ်စားဖို့ ခွင့်ရသွားကြပါတယ်။ ဒီခွင့်ကိုအသုံးချပြီး အာဏာလုပ်ပိုင်ခွင့်တွေကို အသုံးချပြီး လာဘ်ပေးလာဘ်ယူမှုတွေဖြစ်လာတဲ့အခါ စစ်ဗိုလ်ကြီးတွေဟာ ဘာကိုကြည့်ကြည့် အမြင်ကျဉ်းတဲ့ လာဘ်စားဖို့ အမြင်နဲ့ကြည့်လာကြတော့တယ်။ စာရေးသူ ဥပမာပေးပါ့မယ်။

ဟောင်ကောင်လေဆိပ်ကိုဆောက်တော့ တာဝန်ခံအဖြူနဲ့ဘေးချင်းကပ်၊ အိမ်နီးချင်းဖြစ်လာတာက စာရေးသူနဲ့ ကျောင်းနေဖက်သူငယ်ချင်း၊ သူက တိုင်းပြည်ချစ်တဲ့စိတ်နဲ့ မြန်မာတွေအလုပ်ရစေချင်တယ်။ စီးပွားရေးအမြင်နဲ့ ကြည့်တတ်ရင် မြန်မာအလုပ်သမားတွေခေါ်အတွေ့အကြုံရ၊ အလုပ်သမားတွေလည်း ငွေစုမိမယ်၊ ပြန်သွားကြရင်လည်း ဆောက်လုပ်ရေး အတွေ့အကြုံနဲ့ ပညာတွေရသွားမယ်။ တိုင်းပြည်အတွက် အကျိုးရှိနိုင်တယ်ဆိုတဲ့ အမြင်ပေါ့။ ဒီအမြင်နဲ့ မြန်မာသံရုံးက စစ်ဗိုလ်လူထွက်အရာရှိနဲ့ မိတ်ဆက်ပေးလိုက်တယ်တဲ့။ စစ်ဗိုလ်လူထွက်ရဲ့အမြင်ကတော့ စားနေကြအတိုင်း ခွင်အနေနဲ့ပဲ မြင်မိတော့တယ်။ သူ့အတွက်ကတော့ မြန်မာနိုင်ငံက အလုပ်သမားတွေ လာရောက် အလုပ်လုပ်နိုင်ဖို့ တစ်ယောက် ဘယ်လောက်ငွေတောင်းဖို့ ခွင်လေ။ စာရေးသူရဲ့သူငယ်ချင်းက မြန်မာတွေ အလုပ်ရစေချင်တယ်၊ အဖြူတာဝန်ခံအတွက်က အလုပ်သမားရှားတဲ့နေရာမှာ အလုပ်သမားရမယ်၊ မြန်မာသံအရာရှိစစ်ဗိုလ်ဟောင်းကတော့ အလုပ်သမားတစ်ယောက်ဆီက ငွေရိုက်စားမယ်ဆိုတဲ့ အမြင်ချင်း ကွာသွားကြတော့တယ်။ သံအရာရှိက အဖြူတာဝန်ခံကို သင့်မြတ်အောင် ဆက်ဆံရမှာကို အပေါ်စီးနဲ့သွားဆက်ဆံတော့ မင်းအကောင် သိပ်ရှိုင်းတယ်ဆိုပြီး အဖြူတာဝန်ခံက နောက်ထပ် မတွေ့တော့ဘူး။ စီးပွားရေးအမြင်သာရှိခဲ့ရင် ပြေပြေပြစ်ပြစ်ဆက်ဆံပြီး မြန်မာအလုပ်သမားတွေ အလုပ်လည်း ရ၊ ထမင်းလည်းဝ၊ အတွေ့အကြုံလည်း ရ၊ Skilled Workers လို့ခေါ်တဲ့ လုပ်ငန်းကျွမ်းကျင်တဲ့အလုပ်သမားတွေ မွေးမထုတ်နိုင်ဘူးလား? တိုင်းပြည်အတွက် အလွန်အကျိုးရှိနိုင်တဲ့ အခွင့်အလမ်းကို ဉာဏ်နည်းတဲ့ စစ်ဗိုလ်ဟောင်းဗျူရိုကရက်ကို သံအရာရှိခန့်ထားတဲ့အတွက် ရလာတဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေပါပဲ။

နအဖအစိုးရလက်ထက်မှာ ပုစွန်မွေးမြူရေးခေတ်စားလိုက်သေးတယ်။ နအဖစစ်အစိုးရဟာ မင်းအာဏာနဲ့ လယ်တွေသိမ်းပြီး ပုစွန်မွေးမြူရေးကန်တွေဆောက်၊ ခရိုနီတပည့်တပန်းတွေကို လုပ်ပိုင်ခွင့်တွေ ချပေးပြီး ပုစွန်မွေးမြူရေးတွေ လုပ်လိုက်တာ၊ နောက်ဆုံးရှုံးပြီး တစ်စခန်း ရပ်သွားကြရတယ်။ ရပ်သွားမှာပေါ့၊ လုပ်ငန်းတစ်ခုလုပ်တိုင်း ပါမစ်ရဖို့ အဆင့်ဆင့် လာဘ်ထိုးကြရတယ်။ ဒီတော့ အလုပ်လုပ်နိုင်ဖို့ ရင်းနှီးဖို့ စရိတ်စကများမနေဖူးလား? အလုပ်မစခင်ကတည်းက ကုန်ကျငွေတွေကတက်နေပြီ။ စီးပွားရေးအမြင်နဲ့ကြည့်ရင် ဘယ်လို အလုပ်ဖြစ်နိုင်မှာလဲ? ဒါကြောင့် နအဖအစိုးရရဲ့ ပုစွန်မွေးမြူရေးလုပ်ငန်းဟာ မအောင်မြင်ခဲ့ရဘူး။

ထိုင်းမှာ တစ်ချိန်ထဲလိုလိုမှာပဲ ပုစွန်မွေးမြူရေးလုပ်ကြတယ်။ အစိုးရက လုပ်ငန်းရှင်တွေအောင်မြင်အောင် ပါမစ်တွေလွယ်လွယ်ကူကူရအောင် လုပ်ပေးတယ်။ အစိုးရက လမ်းတွေဖောက်ပေးတယ်။ Logistic အတွက် အကူအညီတွေပေးတယ်။ မြန်မာပြည်ထက်သာတာက ထိုင်းမှာ Capital Market လို့ခေါ်တဲ့ ရင်းနှီးငွေရှာနိုင်တဲ့ဈေးကွက်ရှိတယ်။ ဒါ့အပြင် တက္ကသိုလ်တွေတသုတေသနပြုပြီး ဘာအမျိုးမွေးသင့်တယ်၊ ဘာအမျိုးကိုဈေးကွက်ရှိမယ် စတဲ့ နည်းပညာအထောက်အကူပြုနိုင်ကြတယ်။ ဒါကြောင့် ထိုင်းပုစွန်မွေးမြူရေးသမားတွေကကျားပုစွန်ကိုမမွေးကြတော့ဘူး။ ပုစွန်တွေ အကောင်လိုက်တင်ပို့နေရာကနေ ပုစွန်တွေကို စည်သွပ်ဘူးတွေ ချက်ချင်းစားနိုင်တဲ့ ပုစွန်စားသောက်ကုန်တွေပါထုတ်နိုင်တဲ့ ပုစွန်စက်မှုလက်မှုလုပ်ငန်း ပုစွန် Industryအထိ အောင်အောင်မြင်မြင်ထူထောင်နိုင်ခဲ့တယ်။ စာရေးသူ အမေရိကားမှာရှိတုန်းက ဗီယက်နမ်က ပုစွန်တွေကြောင့် အမေရိကန်ပုစွန်ရေလုပ်သားတွေ အတော်ဒုက္ခရောက်ခဲ့ကြရတယ်။ အမေရိကန်ရေလုပ်သားတွေက လုပ်အားခဈေးကြီးတာကြောင့် ဗီယက်နမ်ပုစွန်ကို ဈေးချင်းမယှဉ်နိုင်ဘူး။ ထိုင်းပုစွန်လုပ်ငန်းဟာ ဗီယက်နမ်ကိုရော တရုတ်ကိုရော ပြိုင်နိုင်တယ်။ ဘာကြောင့်လဲ? ထိုင်းအာဏာပိုင်တွေနဲ့ ဗျူရိုကရက်တွေဟာ စီးပွားရေးအမြင်နဲ့ကြည့်ပြီး စီးပွားရေးကဏ္ဍတစ်ခုကို အောင်မြင်အောင်ထူထောင်နိုင်ရင် ထိုင်းလူမျိုးအလုပ်သမားတွေ အလုပ်ရမယ်၊ ထိုင်းအစိုးရလည်း အခွန်ရမယ်၊ ထိုင်း GDP တိုးတက်လာမယ်ပေါ့။ ထို့အပြင် ထိုင်းအစိုးရဟာ ဥရောပဈေးကွက်ကိုပါ ထိုင်းပုစွန်တွေ တင်ပို့နိုင်အောင် ဈေးကွက်ရှာနိုင်ခဲ့တယ်။

မြန်မာတွေတော့ ထိပ်မှာ စစ်ဗိုလ်ချုပ်တွေတက်ထိုင်နေကြတော့ အုပ်ချုပ်သူဗိုလ်ချုပ်တွေ ကိုယ်တိုင်က ငါရာထူးလေးရှိနေသမျှအချိန်မှာ ငါ့အတွက် ရသမျှ ရှာထားမယ်ဆိုတဲ့ တစ်ကိုယ်ကောင်းစိတ်နဲ့၊ အဂတိစိတ်တွေပေါင်းလိုက်တော့ လာဘ်စားဖို့နဲ့ မိမိကိုယ်ကျိုးအတွက် ဘောင်ကျဉ်းကျဉ်းတလေးသာ ကြည့်ပြီး လာဘ်ပေးလာဘ်ယူစနစ်ကြောင့် နောက်ဆုံးတော့ တောင်သူလယ်သမားကြီးတွေ လယ်မြေဆုံးရှုံးရတာပဲ၊ အရှုံးနဲ့ကျန်ရစ်ခဲ့ရပါတော့တယ်။ စီးပွားရေးဆိုတာလေ ဆက်တိုက်လုပ်နေမှ တိုးတက်နေတာပါ။ ထုတ်လုပ်မှုပညာဆိုလည်း ဆက်တိုက်ထုတ်လုပ်နေမှ တိုးတက်နေတာပါ။

တစ်ပတ်လောက်က စာရေးသူဟင်းချက်နေရင်း ငံပြာရည် ကုန်သွားလို့ အိမ်နားက ကုန်စုံဆိုင်မှာ ငံပြာရည် သွားဝယ်ပါတယ်။ ထိုင်းမှာသုံးနေကြ တင်းမွှန်းကောင်တံဆိပ်နဲ့ ငံပြာရည်ပုလင်းအကြီးပဲ တွေ့တယ်။ ပုလင်းသေး မရှိဘူးလားမေးတော့၊ မြန်မာပြည်ဖြစ်ပဲရှိတယ်။ ဒါပေမယ့် မဝယ်နဲ့ နည်းနည်းနံတယ်တဲ့။ ငံပြာရည်ဆိုတာ မြန်မာတွေ ဟင်းချက်ရင်မရှိမဖြစ်တဲ့ လူသုံးကုန်ပစ္စည်းလေ။ ဦးနုခေတ်က ပွင့်ကောင်း ငံပြာရည်ဆိုတာ ရှိတယ်။ မွှေးနေတာပဲ။ ငံပြာရည်ကို စက်မှုလက်မှုအဆင့် Industrialized Scale ထုတ်နိုင်နေပြီ။

ထိုင်းတို့ကအစ မြန်မာ ပွင့်ကောင်းငံပြာရည်ကို သုံးနေကြရပြီ၊ ဒါ့အပြင် နေရှင်နယ်ဘီစကွတ်ဆိုတာ ထိုင်းကို တင်ပို့နေရပြီ၊ စားသုံးကုန်ပစ္စည်းတွေ မြန်မာပြည်မှာ ထုတ်နိုင်နေပြီ။

ကုလသမဂ္ဂက အာဖရိကမှာ အစာရေစာဖွံ့ဖြိုးဖို့ ဂါးအကောင်လေးတွေကို အမှုန့်လုပ်ပြီး အာဖရိကကိုတင်ပို့ဖို့ ဦးပွင့်ကောင်းနဲ့ စကားပြောနေပြီ၊ ဒီအဆင့်ရောက်သွားရင် မြန်မာ့စားသောက်ကုန် ကမ္ဘာပျံ့နိုင်ချေအခွင့်ရလာပြီပေါ့၊ Food Industryလို့ ခေါ်တဲ့ စားသောက်ကုန်စက်မှုလက်မှုလုပ်ငန်း မြန်မာပြည်မှာ ထွန်းကားလာရင် စက်ရုံတွေပေါ်လာ၊ မြန်မာအလုပ်သမားတွေ အလုပ်ရ၊ တိုင်းပြည်လည်း ပိုမိုချမ်းသာလာမှာပေါ့၊ အခု ရွှေပုစွန်ဆိုတာ ဦးပွင့်ကောင်းရဲ့သားသမီးတွေပေါ့၊ BPI ကဆေးတွေဟာ မြန်မာလူထုအတွက် အတော်အသင့် အဆင်ပြေနေပြီ။

နောက်ကျောဖုံးတွင် ဆက်လက်ဖတ်ရှုပေးပါရန်

www.free4readers.com

